# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်  ၂၀၁၅ ခုနှစ်၊ မေ ၂၆ ရက်၊ အင်္ဂါနေ့  အတွဲ [၅၄]၊ အမှတ် [၂၃၃]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျော်ဂျီယာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပို့

**နေပြည်တော် မေ ၂၆**

၂၀၁၅ ခုနှစ် မေ ၂၆ ရက်တွင် ကျရောက်သော ဂျော်ဂျီယာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျော်ဂျီယာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျီအော်ဂျီ မာဗပ်လာရှ်ဗီလီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✱

# ကျောင်းသား ကျောင်းသူများ အရည်အချင်းပြည့်ဝစေရေး သင်ကြားသင်ယူမှုများ နိုင်ငံတကာနှင့်ယှဉ်ပြီး ကြိုးစားအားထုတ်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နည်းပညာတက္ကသိုလ်(လားရှိုး) သိပ္ပံရတနာခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း၊ စာမျက်နှာ-၃) (ဓာတ်ပုံ-ပြန်/ဆက်)

## ယနေ့ မာတိကာ

**အီရတ်တပ်ဖွဲ့ဝင်များက အိုင်အက်စ်စစ်သွေးကြွများလက်မှ နယ်မြေအချို့ကို ပြန်လည်ရယူနိုင်ခဲ့**

စာမျက်နှာ ၄

**လှေစီးဒုက္ခသည်အများစုက မြန်မာနိုင်ငံမှမဟုတ်တာကို ကုလသမဂ္ဂအဖွဲ့ အစည်းတွေ တစ်စတစ်စ နားလည်သဘောပေါက်လာကြတယ်**

စာမျက်နှာ ၈

**ကျောင်းအပ်နှံရေးနေ့စတင် ကျောင်းသားတိုင်း ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ် ဖော်ဆောင်**

စာမျက်နှာ ၁၀

## ကမ္ဘာ့ဖလား ယူ-၂၀ ဘောလုံးပွဲ မြန်မာအသင်းပွဲစဉ်များ ရုပ်သံမှ တိုက်ရိုက်လွှင့်မည်

**ရန်ကုန် မေ ၂၅**

ကမ္ဘာ့ဖလား ယူ-၂၀ ဘောလုံးပြိုင်ပွဲ မြန်မာအသင်းပွဲစဉ် များအား မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ❁

## လှေစီးဒုက္ခသည်များအား လူသားချင်းစာနာထောက်ထားမှု ရှုထောင့်အရ ယာယီလက်ခံထားခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်သွားမည်

**မောင်တော မေ ၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာတွင် ရောက်ရှိနေသော ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ်အစိုးရတို့မှ တာဝန်ရှိသူများသည် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ ၄င်းတွင် ယာယီစခန်းဖွင့်လှစ်၍ ခေတ္တစောင့်ရှောက်ထားသည့် လှေစီးဒုက္ခသည် ၂၀၈ ဦးအား စိစစ်မှုများပြုလုပ်ခဲ့ရာ ၄င်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇား၊ စစ်တကောင်းနှင့် ဒါကာ မြောက်ခြမ်းတွင် နေထိုင်ကြသော ဘင်္ဂလားဒေ့ရှ်လူမျိုးများဖြစ်ကြောင်း ကနဦးစိစစ်သိရှိရသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ဆင်းရဲမှုလျှော့ချရေးလူမှုစီးပွားဘဝမြှင့်တင်ရေး အစီအမံ ပိုမိုထိရောက်မည်

ကျွန်ုပ်တို့မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြသည်။ ထိုကျေးလက်နေပြည်သူများနှင့်မြို့ပြနေဆင်းရဲနွမ်းပါးသောပြည်သူများ၏ လူမှုစီးပွားဘဝမြင့်လာစေရန်ရည်ရွယ်ချက်ဖြင့် ဆင်းရဲမှုလျှော့ချရေးအစီအမံများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်က ယခု ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမှုကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းလျှော့ချသွားရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိသည်။ ဤသို့ဆင်းရဲမှုလျှော့ချရာတွင် ကျေးလက်နေ ပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးသည် အခြေခံအကျဆုံးဖြစ်ပါသည်။

ထို့ကြောင့်လည်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့သည် မြန်မာနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းအစီအမံတို့တွင် အဓိကဦးဆောင်ဦးရွက်ပြုလုပ်နေသော ဝန်ကြီးဌာနများအဖြစ် သတိပြုမိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်ငွေကျပ် ၂၉၉၈၃၁ ဒသမ ၂၁၆ သန်း ခွဲဝေရရှိထားပြီး ယင်းခွဲဝေရရှိသည့် ဘတ်ဂျက်ရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ လူထုအခြေပြုဖွံ့ဖြိုးရေးအမျိုးသားစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းစီမံကိန်း၊ ကျေးလက်လမ်းတံတားလုပ်ငန်းများ၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများ စသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အလားတူ သမဝါယမဝန်ကြီးဌာနကလည်း ချေးငွေများထုတ်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကိုအရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ သမဝါယမဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုဖြင့် သမဝါယမအသင်းသားပြည်သူများအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယခင်ထုတ်ချေးခဲ့သည့်ချေးငွေများအပြင် နိုင်ငံခြားချေးငွေများအဖြစ် ပထမအကြိမ်ငွေကျပ် ၅၁၅၃၆ ဒသမ ဝ၃ သန်းကို ထုတ်ချေးခဲ့ပြီးပြေကျေ၍ ဒုတိယအကြိမ် ငွေကျပ် ၅၇၁၂၁ ဒသမ ၂၄ သန်း၊ တတိယအကြိမ် ငွေကျပ် ၅၂၄၂၅ ဒသမ ဝ၃ သန်းကို ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရပါသည်။ တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၀၇ မြို့နယ်နှင့်ကျေးရွာပေါင်း ၂၃၀၀၀ ကျော်မှ မိသားစုပေါင်းနှစ်သန်းကျော်အတွက် ချေးငွေပေါင်းငွေကျပ် ၂၂၄ ဘီလီယံကျော် ထုတ်ချေးပေးထားပြီဖြစ်ကြောင်း သိရသည်။

သို့ပါ၍ ကျေးလက်အခြေခံအဆောက်အအုံများ ကောင်းမွန်အောင်ဖြည့်ဆည်းပေးနေသကဲ့သို့ လူတစ်ဦးချင်းဝင်ငွေစီးပွားတိုးတက်အောင်အစီအမံများ ဆောင်ရွက်ပေးနေခြင်းကြောင့် လူမှုစီးပွားဘဝမြင့်တက်လာမှုနှင့်အတူ ဆင်းရဲမှုလျှော့ချရေးအစီအမံသည် ပိုမိုထိရောက်မှုရှိလာမည် ဖြစ်ပါကြောင်း။ ။

**အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ**



## နိုင်ငံတကာဈေးကွက်ဝင် ယှဉ်ပြိုင်နိုင်ရေး အရည်အသွေးကိုက်ညီပြည့်မီစွာထုတ်လုပ်



**နေပြည်တော် မေ ၂၅**

တောင်သူများအတွက် ပိုးသတ်ဆေးနှင့်ဓာတ်မြေဩဇာ အခြေခံလိုအပ်ချက်များအပေါ် ပုဂ္ဂလိကကုမ္ပဏီများမှ ဖြန့်ဖြူးရောင်းချပေးနေသည့်လုပ်ငန်းများ စနစ်တကျရှိစေရေးပြဋ္ဌာန်းထားရှိပြီး တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ၊ နည်းဥပဒေနှင့် ကိုက်ညီစွာ ရောင်းဝယ်ဖြန့်ဖြူး လုပ်ကိုင်ကြရေးဆိုင်ရာ အစည်းအဝေးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မေ ၂၂ ရက်မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ မြန်မာနိုင်ငံ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး အသင်းဥက္ကဋ္ဌ ဩဘာကုမ္ပဏီမှ ဦးသတိုးဟိန်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြေဩဇာ၊ ပိုးသတ်ဆေးတင်သွင်းထုတ်လုပ် ရောင်းချသောကုမ္ပဏီ ၁၉ ခု၊ မြေဩဇာတင်သွင်းထုတ်လုပ်ရောင်းချသော ကုမ္ပဏီ ၃၁ ခုနှင့် ပိုးသတ်ဆေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသည့် ကုမ္ပဏီ ၂၈ ခု စုစုပေါင်း ကုမ္ပဏီ ၇၈ခုမှ လုပ်ငန်းရှင် ၁၅၀ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးကနိုင်ငံ၏ လယ်ယာထွက်ကုန်များ အရည်အသွေးပြည့်မီကောင်းမွန်စေရေး၊ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ စံချိန်၊ စံညွှန်းနှင့် အရည်အသွေးကိုက်ညီပြည့်မီစွာဖြင့် ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများထံသို့ ဖြန့်ဖြူးသော ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများသည် သီးနှံအထွက်တိုးရေးအတွက် အကျိုးဖြစ်ထွန်းစေနိုင်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း အရည်အသွေးမပြည့်မီခြင်း၊ မမှန်ကန်ခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်သော စားသုံးသီးနှံများပျက်စီးခြင်း၊ ဆုံးရှုံးရခြင်းတို့အတွက် အခြေခံ စိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူများ၏ လူမှုစီးပွားဘဝအားထိခိုက်နစ်နာ ဆုံးရှုံးနေရခြင်းကို ပြဋ္ဌာန်းထားပြီးဖြစ်သည့် ဥပဒေများနှင့်ညီညွတ်စွာ ထိထိရောက်ရောက် ကာကွယ်ဆောင်ရွက် ပေးကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ပုဂ္ဂလိကအခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိတ်ရင်းစေတနာမှန်စွာဖြင့် အရည်အသွေးမှန်ကန်ပစ္စည်းများကိုသာ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့်ကိုက်ညီစွာ တင်သွင်းရောင်းချကြရန်လိုအပ်ကြောင်း။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြဋ္ဌာန်းထားရှိပြီးဖြစ်သော ဓာတ်မြေဩဇာဥပဒေနှင့် ပိုးသတ်ဆေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားပြီး အစိုးရသစ်ကာလတွင်အသစ်ရေးဆွဲ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည့် ဥပဒေနှင့် နည်းဥပဒေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ကြက်ခြေနီနှင့် ကင်းထောက်လူငယ် သင်တန်းဆင်းပွဲကျင်းပ

**မူဆယ် မေ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကင်းထောက်လူငယ်များက ကယ်ဆယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းအထောက်အကူပြု ကူညီနိုင်ရန်အတွက် ဦးတည်ဖွင့်လှစ်ခဲ့သည့် ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ သင်တန်းဆင်းပွဲအခမ်းအနားကို ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်က အမှာစကားပြောကြားသည်။ ထို့နောက်သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုများ သင်တန်းဆင်းလက်မှတ်နှင့် နည်းပြ ဆရာ ဆရာမများကို အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၄၆ ဦး တက်ရောက်ခဲ့ကြပြီး ငါးရက်ကြာ သင်တန်းပေးခဲ့ကြောင်း သိရသည်။

**သန့်စင်(၁၀၅)မိုင်**

## အောင်ချမ်းသာကျေးရွာသစ်အား တရားဝင်ကျေးရွာအဖြစ် သတ်မှတ်ပေးရန် လိုလားလျက်ရှိ


**မိုးညှင်း မေ ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ချောင်းဝကျေးရွာအုပ်စုနှင့် လုံးစန့်ကျေးရွာအုပ်စုအကြား မနခေါ်ကျေးရွာနှင့် ချောင်းဝကျေးရွာတို့ကို ဆက်သွယ်၍ အသစ်ဖောက်လုပ်ထားသည့် အင်းတော်ကြီးအင်း အရှေ့ဘက်ကမ်း ကန်ပတ်လမ်းကြီးပေါ်တွင် အသစ်တည်ထားသည့် အောင်ချမ်းသာကျေးရွာကို တရားဝင်အသိအမှတ်ပြုကျေးရွာအဖြစ် သတ်မှတ်ပေးရန် ဒေသခံကျေးရွာသူကျေးရွာသားများက လိုလားလျက်ရှိနေကြကြောင်း သိရ သည်။

အောင်ချမ်းသာကျေးရွာသစ်ကို ချောင်းဝဆရာတော် ဦးတေဇနိယ၏ ဆုံးမဩဝါဒခံယူကာ ချောင်းဝကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ အောင်ချမ်းသာကျေးရွာ အမည်ပေါက်သတ်မှတ်ပေးရန်တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးမူလတန်းကျောင်းသစ်နှင့် လူငယ်ဘောလုံးကွင်းတို့ကို တည်ဆောက်ခဲ့ပြီး ဘုန်းတော်ကြီးကျောင်းဆောက်လုပ်နိုင်ရန် ပန္နက်တိုင်များစိုက်ထူပြီး ဆက်လက် ဆောက်လုပ်သွားမည်ဖြစ်ကြောင်းကိုလည်း သိရသည်။

အောင်ချမ်းသာကျေးရွာသစ်တွင် အိမ်ထောင်စု ၄၅ စု၊ လူဦးရေ ၂၄၀ ခန့်နေထိုင်လျက်ရှိပြီး ကျေးရွာတစ်ရွာ၏ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီကြောင်း အောင်ချမ်းသာကျေးရွာမှ ဦးမောင်ညိုက ပြောပြသည်။

**နီတိုး**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၅-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၁၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၃၇၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၃၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၂-၁၁၂၃ |
| ဥရောပ | တစ်ယူရို | ၁၁၈၇.၆-၁၂၁၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၀၈.၁၃-၈၁၇ |
| ထိုင်း | တစ်ဘတ် | ၃၂.၃၂၈-၃၃.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၀၃၆-၁၇ |
| တရုတ် | တစ်ယွမ် | ၁၇၄.၅၉-၁၇၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၈၉-၃၀၁.၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၃၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၀၀၀-၂၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၇၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၃၀၀-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၅၀-၁၆၅၀ |
| ကြက်သွန်ဖြူ (ကြူကုတ်သစ်) | တစ်ပိဿာ | ၂၀၀၀၂၁၅၀ |
| အာလူး (ဟဲဟိုး) | တစ်ပိဿာ | ၄၅၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၅၀-၃၀၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၅၀၀ |
| သကြား | တစ်ပိဿာ | ၁၀၅၀-၁၀၇၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ**

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# ကျောင်းသား ကျောင်းသူများ အရည်အချင်းပြည့်ဝစေရေး နိုင်ငံတကာနှင့်ယှဉ်ပြီး ကြိုးစားအားထုတ်



**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း နည်းပညာတက္ကသိုလ်(လားရှိုး) သိပ္ပံရတနာခန်းမ၌ ကျင်းပသည့် လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (ဓာတ်ပုံ ပြန်/ဆက်)

**နေပြည်တော် မေ ၂၅**

လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(လားရှိုး) သိပ္ပံရတနာခန်းမ၌ ကျင်းပသည့် လားရှိုးမြို့နယ် မိုင်းယော်၊ မန်ကောင်း(မိုင်းယန်း)၊ ပန်ထိုလင်၊ ဝိန်းထန်(မိုင်းတင်)၊ မန်ပြိန်း၊ တာပုံ၊ ဆုံကွယ်၊ ဟိုပိတ်၊ မတ်ချီးနု၊ ကောင်းကြဲ(ပိတ်)၊ နမ့်တွန်း၊ မန်ကတ်(ဟန့်ထိုက်)၊ ကုန်းဆာ၊ ဟိုနမ့်ကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတ က လားရှိုးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ၊ ကျေးရွာများမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာများ၏ လိုအပ်ချက်များကို သိရှိလို၍ ယခုလိုလာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဒေသလိုအပ်ချက်များဖြစ်သည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပါအဝင် လမ်း၊ တံတား၊ ပို့ဆောင်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွား အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးပုံစံသည် ပြည်သူလူထုအခြေပြုသည့် အုပ်ချုပ်ရေးပုံစံဖြစ်သောကြောင့် မြို့နယ်၊ ကျေးရွာများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်း၊တံတား၊ ပို့ဆောင်ဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လုပ်ငန်းများကို ထိထိရောက်ရောက်ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် မြို့နယ်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိအနေဖြင့်လည်း လားရှိုးဒေသမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသလိုအပ်ချက်များကို သိရှိပြီး အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ထို့အတူ ဒေသအလိုက် လိုအပ်ချက်များထဲမှ ချက်ချင်း ဆောင်ရွက်ပေးနိုင်သည်များကို ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ချက်ချင်းမဆောင်ရွက်ပေးနိုင်သည်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ကျေးရွာများမှ တာဝန်ရှိသူများနှင့် ရပ်မိ ရပ်ဖများက မိမိတို့ဒေသ၌ အမှန်တကယ်လိုအပ်နေသည့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက လားရှိုးမြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် ဆောင်ရွက်ပေးခဲ့မှု၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ရှင်းလင်းပြသသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မိုင်းယော်၊ မန်ကောင်း(မိုင်းယန်း)၊ ပန်ထိုလင်၊ ဝိန်းထန်(မိုင်းတင်)၊ မန်ပြိန်း၊ တာပုံ၊ ဆုံကွယ်၊ ဟိုပိတ်၊ မတ်ချီးနု၊ ကောင်းကြဲ(ပိတ်)၊ နမ့်တွန်း၊ မန်ကတ်(ဟန့်ထိုက်)၊ ကုန်းဆာ၊ ဟိုနမ့်ကျေးရွာတို့မှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ဒေသအလိုက် အခက်အခဲများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ ဦးတင်ဌေး၊ ဒေါက်တာဝင်းမြင့်၊ ဦးအောင်သန်းဦး၊ ဦးသောင်းတင်၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်တို့က ဝန်ကြီးဌာနအလိုက် ဒေသလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ ဒေသအလိုက်လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အဆိုပါခန်းမ၌ နည်းပညာတက္ကသိုလ်(လားရှိုး)နှင့် ကွန်ပျူတာတက္ကသိုလ်(လားရှိုး)တို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဆက်လက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နည်းပညာတက္ကသိုလ်(လားရှိုး) ကျောင်းအုပ်ကြီး ဒေါက်တာ ကျော်ကျော်ခိုင်အောင်နှင့် ကွန်ပျူတာတက္ကသိုလ် (လားရှိုး) ကျောင်းအုပ်ကြီး ဒေါက်တာ နန်းစိုးစိုးအောင်တို့က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ ဘာသာရပ်များ သင်ကြားပို့ချမှု၊ နှစ်အလိုက်ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးခဲ့မှုနှင့် တက္ကသိုလ်အလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက နည်းပညာတက္ကသိုလ်(လားရှိုး)နှင့် ကွန်ပျူတာတက္ကသိုလ် (လားရှိုး) တို့သည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အောက်တွင်ရှိပြီး နိုင်ငံတော်အတွက် အရေးကြီးသည့်တာဝန်ကို ထမ်းဆောင်နေသည့် တက္ကသိုလ်များဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် အခြားတက္ကသိုလ်များ များစွာရှိသည့်အတွက် နိုင်ငံတော်အနေဖြင့် အဆောက်အအုံလိုအပ်ချက်၊ သင်ကြားမှု သင်ယူမှုဆိုင်ရာ လိုအပ်ချက်၊ လျှပ်စစ်မီးလိုအပ်ချက်နှင့် အခြားလိုအပ်ချက်များစွာကို ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကန့်အသတ်များ ရှိနေသော်လည်း အတတ်နိုင်ဆုံးညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

တက္ကသိုလ်ဆရာ ဆရာများဘက်ကလည်း မိမိတို့တက္ကသိုလ် အရည်အသွေးပြည့်မီရေးနှင့် ကျောင်းသား ကျောင်းသူများ အရည်အချင်းပြည့်ဝစေရေးအတွက် သင်ကြားမှု သင်ယူမှုများကို နိုင်ငံတကာနှင့်ယှဉ်ပြီး ကြိုးစားအားထုတ်လုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်သူပညာရှင်များ မွေးထုတ်နိုင်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် လားရှိုးမြို့မှထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဂျော်ဂျီယာ နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၆**

၂၀၁၅ ခုနှစ် မေ ၂၆ ရက်တွင် ကျရောက်သော ဂျော်ဂျီယာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဂျော်ဂျီယာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ တမား ဘယ်ရူချရှဗီလီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(မြန်မာ့အလင်း)**

❍ ***ကျော်ဖုံးမှ***

အချိန်ကြာမြင့်စွာ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားနေသဖြင့် ယခုလေးလမ်းသွား ခုံးကျော်တံတားများ တည်ဆောက်ပေးပြီးပါက ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက် လျော့ကျသွားမည်ဖြစ်သည်။

ရန်ကုန်မြို့၌ ယာဉ်ကြောပိတ်ဆို့မှု လျော့ကျစေရန်အတွက် ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံ၌ လှည်းတန်းခုံးကျော်တံတား၊ ဘုရင့်နောင်လမ်းဆုံ၌ ကားလမ်းခုံးကျော်တံတား၊ ရွှေဂုံတိုင်၌ ကားလမ်းခုံးကျော်တံတားနှင့် မြေနီကုန်းခုံးကျော်တံတားတို့တည်ဆောက်ခဲ့ရာ ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက် လျှော့ချပေးခဲ့သည်။

ယခုတည်ဆောက်ရန် စီစဉ်နေသော ကားလမ်းခုံးကျော်တံတားများဖြစ်သည့် ရှစ်မိုင်ခုံးကျော်တံတားနှင့် ကုက္ကိုင်းခုံးကျော်တံတားများမှာ ယာဉ်ခံနိုင်ဝန် ၇၅ တန်ရှိသော လေးလမ်းသွား ကားလမ်းခုံးကျော်တံတားများဖြစ်သည်။ **(မြန်မာ့အလင်း)**

❖ ***ကျော်ဖုံးမှ***

သွားရောက်ယှဉ်ပြိုင် ကစားခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲဝင်မည့် ထိုင်းယူ-၂၃ အသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ခဲ့သော်လည်း ဗီယက်နမ် ယူ-၂၃ အသင်းနှင့် နှစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာယူ-၂၃ အသင်းသည် ထိုင်းနှင့် ဗီယက်နမ်ခြေစမ်းခရီးစဉ်အပြီးတွင် မေ ၂၄ ရက်မှစ၍ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်လျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် အပြီးသတ် လူ ၂၀ ကို ဗီယက်နမ် ယူ-၂၃ ခြေစမ်းပွဲအပြီးတွင် ရွေးချယ်ခဲ့ပြီး ဂိုးသမား ချမ်းငြိမ်းကျော်၊ နောက်ခံလူသောလပ်ထန်နှင့် တိုက်စစ်မှူးသန်းထက်အောင်တို့ ကျန်ရစ်ခဲ့သည်။ ပြိုင်ပွဲမတိုင်မီ ပြည်ပခြေစမ်းပွဲနှစ်ပွဲသာ ကစားခဲ့ရသော်လည်း မြန်မာယူ-၂၃ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး အပြင်းအထန်လေ့ကျင့်လျက်ရှိသည်။

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းတွင် **အုပ်ချုပ်သူ**-ဦးသန်းတိုးအောင်၊ **နည်းပြချုပ်**-ဦးကြည်လွင်၊ **လက်ထောက်နည်းပြ**-ဦးကျော်လွင်၊ ဦးမြင့်ကို၊ **ဂိုးနည်းပြ**-ဦးအောင်သက်၊ ကစားသမားများအဖြစ် **ဂိုး**-ကျော်ဇင်ဖြိုး၊ အောင်ဝေဖြိုး၊ **နောက်တန်း**-ရဲဝင်းအောင်၊ ဝင်းဇင်ဦး၊ ဖြိုးကိုကိုသိန်း၊ ဟိန်းသီဟဇော်၊ ကျော်ဇင်လွင်၊ ကိုကိုဟိန်း၊ သိန်းနိုင်ဦး၊ **အလယ်တန်း**-နေလင်းထွန်း၊ လှိုင်းဘိုဘို၊ ရဲကိုဦး၊ ဇွန်မိုးအောင်၊ စည်သူအောင်၊ ချစ်စုမိုး၊ အောင်ရှိုးသာမောင်၊ သီဟဇော်၊ အောင်ကျော်နိုင်၊ **ရှေ့တန်း**-ကောင်းဆက်နိုင်နှင့် ရှိုင်းသူရတို့ ပါဝင်ကြသည်။

ဆီးဂိမ်း ဘောလုံးပြိုင်ပွဲတွင် အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းသည် အုပ်စု(က)တွင် စင်ကာပူ၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ လာအိုတို့နှင့် အတူကျရောက်လျက်ရှိသည်။ အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ တီမော၊ ဘရူနိုင်းနှင့် လာအိုအသင်းတို့ ပါဝင်လျက်ရှိသည်။ အုပ်စုပွဲစဉ်များအဖြစ် မြန်မာအသင်းသည် ဇွန် ၂ ရက်တွင် အင်ဒိုနီးရှား၊ ဇွန် ၄ ရက်တွင် စင်ကာပူ၊ ဇွန် ၇ ရက်တွင် ဖိလစ်ပိုင်၊ ဇွန် ၁၀ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ထုတ်ဝေသူ လုပ်ငန်းရှင်များမှ စာအုပ်စာစောင်များနှင့် Electronic Document များ ပေးအပ်ကြရေး အသိပေးကြေညာချက်

စာအုပ်စာစောင် ပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)အရ မိမိတို့ထုတ်ဝေသော စာအုပ်စာစောင်လေးအုပ် သို့မဟုတ် လေးစောင်နှင့် Electronic Document တို့အား ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းရှင်များက စာအုပ်အရောင်းဆိုင်များသို့ ပေးပို့ထားသော စာအုပ်စာရင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ လာရောက်ပေးအပ်သော စာအုပ်စာရင်းတို့ကို တိုက်ဆိုင်စစ်ဆေးရာတွင် ၁၄-၅-၂၀၁၅ ရက်နေ့အထိ အသစ်ထွက်ရှိသောစာအုပ် ၂၇၃ အုပ်အနက် ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးအပ်သော စာအုပ် ၁၃၉ အုပ်သာရှိသဖြင့် ၁၃၄ အုပ်မှာ လာရောက်ပေးအပ်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းရှင်များသည် မိမိတို့ပေးအပ်ရန် ကျန်ရှိသော စာအုပ်စာစောင်များနှင့် Electronic Document များကို သက်ဆိုင်ရာဌာနသို့ ၁၅-၆-၂၀၁၅ ရက်နေ့နောက်ဆုံးထား၍ လာရောက်ပေးအပ်ကြပါရန်နှင့် ပေးအပ်ရန်ပျက်ကွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# သင်္ချာပညာရှင် နိုဘယ်ဆုရှင် ဂျွန်နက်ရှ် ကားမတော်တဆမှုကြောင့် ကွယ်လွန်

**ဝါရှင်တန် မေ ၂၅**

ကျော်ကြားသော သင်္ချာပညာရှင် နိုဘယ်ဆုရှင် ဂျွန်နက်ရှ် (၎င်း၏ ဇာတ်ကြောင်း ရိုက်ကူးထားသော A Beautiful Mind ဇာတ်လမ်းဖြင့် လူသိများသူ)သည် နယူးဂျာစီတွင် ၎င်း၏ဇနီးသည်နှင့်အတူ ကားမတော်တဆမှုတစ်ခု ဖြစ်ပွားပြီး သေဆုံးသွားကြောင်း အမေရိကန်သတင်းဌာနများက တနင်္ဂနွေနေ့က ဖော်ပြသည်။

အမေရိကန် ရုပ်မြင်သံကြားသတင်းများအရ နက်ရှ်(၈၆နှစ်)နှင့် ၎င်း၏ဇနီး (၈၂ နှစ်)တို့သည် စနေနေ့က နယူးဂျာစီတန်းပိုက်သို့ အငှားကားဖြင့် ခရီးသွားစဉ် ကားမတော်တဆမှုဖြစ်ပွားပြီး သေဆုံးသွားကြောင်း သိရသည်။ တက္ကစီဒရိုင်ဘာက ကားကိုမထိန်းချုပ်နိုင်ဘဲ လမ်းအရံအတားတန်းကို တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။ တက္ကစီအတွင်းမှ လွင့်ထွက်သွားကြသဖြင့် ၎င်းတို့နှစ်ဦးသည် ထိုင်ခုံခါးပတ်များကို ပတ်ထားခြင်းမရှိကြောင်း နယူးဂျာစီရဲဌာနမှ ဂရီဂိုရီဝီလျံက ပြောသည်။

နက်ရှ်သည် ၁၉၉၄ ခုနှစ်တွင် စီးပွားရေးဆိုင်ရာ နိုဘယ်ဆုရရှိခဲ့သူဖြစ်ပြီး ၂၀၀၁ ခုနှစ်က ၎င်း၏အကြောင်းကို A Beautiful Mind ဇာတ်ကားအဖြစ် ရုပ်ရှင်ရိုက်ကူးခဲ့ရာ အကောင်းဆုံးရုပ်ရှင်ဆုနှင့် အော်စကာဆုလေးခု ဆွတ်ခူးနိုင်ခဲ့သည်။

နယူးဂျာစီဝက်ဘ်ဆိုက် သတင်းများအရ နက်ရှ်တို့စုံတွဲသည် အင်္ဂါနေ့က နော်ဝေနိုင်ငံ ဘုရင့်သံတော်ဆင့်မှ သင်္ချာပညာရပ်ဆိုင်ရာဆုကို ၎င်း၏ လုပ်ဖော်ကိုင်ဖက်များနှင့် လက်ခံရယူခဲ့ပြီး အမေရိကန်သို့ ပြန်လည် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**



# လူမှောင်ခိုကူးသည့်ယာယီတဲစခန်းများ၌ အလောင်း ၁၃၉လောင်းကို မလေးရှားရဲအဖွဲ့ တွေ့ရှိ

**ကွာလာလမ်ပူ မေ ၂၅**

ထိုင်းနိုင်ငံနယ်စပ်တစ်လျှောက်တွင် လူမှောင်ခိုကူးသည့် အဖွဲ့များက အသုံးပြုခဲ့သည်ဟု ယူဆရသည့် ယာယီတဲစခန်း ၂၄ ခုကျော်တွင် ညှဉ်းပန်းနှိပ်စက်ခံရပြီး သေဆုံးနေသော လူသေအလောင်း ၁၃၉ လောင်းကို တွေ့ရှိခဲ့ကြောင်း မလေးရှားရဲဌာန အကြီးအကဲက တနင်္လာနေ့က ပြောကြားသည်။

ထိုင်းနိုင်ငံတောင်ပိုင်းနှင့် မလေးရှားနိုင်ငံမြောက်ပိုင်း တောနက်ကြီးများသည် လှေဖြင့် တရားမဝင် ခေါ်ဆောင်ရာတွင် အဓိကစခန်းချရာနေရာတစ်ခုဖြစ်နေသည်။ "စိတ်မကောင်းစရာမြင်ကွင်းပါပဲ၊ လူသေအလောင်း ၁၃၉ လောင်းကို ကျွန်တော်တို့ မြင်တွေ့ခဲ့ရတယ်"ဟု မလေးရှားရဲအရာရှိ ခါလစ်အဘူဘာကာက သတင်း ထောက်များသို့ ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံရှိရဲများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ တရားခံများကို ရှာဖွေမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အခင်းဖြစ်ပွားရာနေရာ၌ အကြမ်းဖက်သမားများ အသုံးပြုခဲ့ဟန်ရှိသည့် ကျည်ဆန်အခွံများ တွေ့ရှိခဲ့ကြောင်းနှင့် လူသေအလောင်းများအနီးတွင် သံကြိုးများကို တွေ့ရှိခဲ့ကြောင်း မလေးရှားရဲဌာနအကြီးအကဲက ပြောကြားသည်။ **(ရိုက်တာ)**

# အစ္စရေးဝန်ကြီးချုပ်ဟောင်း အိုလ်မတ်အား ထောင်ဒဏ်ရှစ်လချမှတ်

**တဲလ်အဗစ် မေ ၂၅**

အစ္စရေး ဝန်ကြီးချုပ်ဟောင်း အီဟွတ်အိုလ်မတ်အား တရားမဝင်ငွေကြေးလက်ခံရယူမှုဖြင့် ထောင်ဒဏ်ရှစ်လ စီရင်ချက် ချမှတ်လိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ၎င်းသည် အမေရိကန် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးထံမှ ဒေါ်လာ ၁၅၀၀၀၀ ကျော် လာဘ်ယူခဲ့သည့်အတွက် မတ်လအတွင်းက စစ်ဆေးရာတွင် စီရင်ချက် ချမှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ယင်းအမှုနှင့် ပတ်သက်၍ အယူခံသွားမည်ဖြစ်ကြောင်း ၎င်း၏ရှေ့နေများက ပြောကြားသည်။

အီဟွတ်အိုလ်မတ်သည် အခြားလာဘ်စားမှုတစ်ခုဖြင့် ပြီးခဲ့သည့်နှစ်က ထောင်ဒဏ်ခြောက်နှစ် ချမှတ်ခံထားရသည်။ ၎င်းသည် အစ္စရေးဝန်ကြီးချုပ်အဖြစ် ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းအား



အကျင့်ပျက်ခြစားမှုများဖြင့် စွပ်စွဲခံရပြီးနောက် အတင်းအကျပ် နုတ်ထွက်စေခဲ့ခြင်းအားဖြင့် ၎င်း၏ နိုင်ငံရေးသမားဘဝကို အဆုံးသတ်စေခဲ့သည်။ အသက်(၆၉ နှစ်) ရှိပြီဖြစ်သော ဝန်ကြီးချုပ်ဟောင်း အိုလ်မတ်သည် ဂျေရုဆလင် မြို့တော်ဝန်အဖြစ် တာဝန်ယူစဉ် အိမ်ရာကိစ္စ အလွဲသုံးစားမှုဖြင့် ပြီးခဲ့သောမေလက ထောင်ဒဏ်ခြောက်နှစ် ချမှတ်ခံခဲ့ရသည်။ **(ရိုက်တာ)**

# အီရတ်တပ်ဖွဲ့ဝင်များက အိုင်အက်စ်စစ်သွေးကြွများလက်မှ နယ်မြေအချို့ကို ပြန်လည်ရယူနိုင်ခဲ့

**ဘဂ္ဂဒက် မေ ၂၅**

အီရတ် တပ်ဖွဲ့ဝင်များသည် တနင်္ဂနွေနေ့က မကြာသေးမီ လက်လွှတ်ခဲ့ရသည့် မြို့တော် ရာမဒီအနီး အိုင်အက်စ်စစ်သွေးကြွများလက်မှ နယ်မြေများကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ ပါမာရာမြို့ကို သိမ်းပိုက်ပြီးကတည်းက အိုင်အက်စ်စစ်သွေးကြွများသည် လူရာပေါင်းများစွာကို သတ်ဖြတ်ခဲ့ကြောင်း ဆီးရီးယားအစိုးရက ပြောခဲ့သည်။

အိုင်အက်စ်တိုက်ခိုက်ရေးသမားများ ထိန်းချုပ်ထားသော နယ်မြေနှင့် မျက်နှာချင်းဆိုင်ရှိ ရာမဒီမြို့နှင့် ပါမာရာမြို့တို့ ၎င်းတို့လက်ထဲ ရောက်ရှိသွားခြင်းသည် ၎င်းတို့အတွက် အကြီးကျယ်ဆုံးအောင်မြင်မှုဖြစ်ခဲ့သည်။

အိုင်အက်စ်တပ်ဖွဲ့ဝင်များက အီရတ်နှင့် ဆီးရီးယားတပ်ဖွဲ့ဝင်များအပေါ် အောင်နိုင်ခြင်းသည် အမေရိကန်အဖို့ ၎င်းတို့၏ နည်းဗျူဟာကို ပြန်လည်ဆန်းစစ်စေသကဲ့သို့ ဖြစ်နေသည်။



အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာက ရာမဒီကို လက်လွှတ်လိုက်သည့် အီရတ်တပ်ဖွဲ့ဝင်များကို ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့သည်။ ရာမဒီသည် ဘဂ္ဂဒက်အနောက်ဘက်ရှိ ပြည်နယ်မြို့တော်ဖြစ်ပြီး ရန်သူတပ်ဖွဲ့ အနည်းငယ်မျှဖြင့် ရာမဒီမြို့ကို ဆုံးရှုံးခဲ့ရသည့်အတွက် အီရတ်တပ်ဖွဲ့များသည် တိုက်ခိုက်လိုသည့်ဆန္ဒမရှိသည်ကို ပြသနေခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက ပြောသည်။ ရာမဒီမြို့ကျဆုံးပြီး တစ်ပတ်အကြာ အီရတ်အစိုးရသည် အီရန်နောက်ခံအင်အားဖြည့်ထားသော ရှီးယိုက်အုပ်စုများ၊ ဒေသတွင်း စုစည်းထားသော ဆွန်နီမျိုးနွယ်စု တိုက်ခိုက်ရေးသမားများနှင့်အတူ လွန်ခဲ့သော စနေနေ့က တန်ပြန်တိုက်ခိုက်မှုများကို ဆောင်ရွက်ခဲ့သည်။ ရဲအရာရှိတစ်ဦးနှင့် အစိုးရထောက်ခံသည့် ဆွန်နီမျိုးနွယ်စု တိုက်ခိုက်ရေးသမားတစ်ဦးက ရာမဒီမြို့၏ အရှေ့ဘက် ၁၀ ကီလိုမီတာခန့်အကွာရှိ ဟူဆိုင်ဘာအယ်လ်ရာကွိရာမြို့ကို ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း ပြောခဲ့သည်။ **(ရိုက်တာ)**

# ပြင်သစ်ရုပ်ရှင်ကား ကန်းရုပ်ရှင်ပွဲတော်တွင် အမြင့်ဆုံးဆုဆွတ်ခူး



**ပဲရစ် မေ ၂၅**

ပြင်သစ်ရုပ်ရှင်ကား Dheepan သည် တနင်္ဂနွေနေ့က ကျင်းပသော (၆၈)ကြိမ်မြောက် ကန်းရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံးရုပ်ရှင်ကားဆု Palme d'Or ဆွတ်ခူးရရှိသွားခဲ့သည်။

ဒါရိုက်တာ Hou Hsiao-Hsien က အကောင်းဆုံး ဒါရိုက်တာဆုဆွတ်ခူးရရှိခဲ့သည်။ Dheepan ဇာတ်ကားသည် သီရိလင်္ကာ ပြည်တွင်းစစ်အတွင်း တပ်ဖွဲ့ဝင်ဟောင်းတစ်ဦး၊ အမျိုးသမီးငယ်တစ်ဦးနှင့် မိန်းကလေးငယ်တစ်ဦးတို့ စစ်ပွဲကို ရှောင်လွှဲရန် မိသားစုဝင်များကဲ့သို့ ဟန်ဆောင်ကာထွက်ပြေးကြရာမှ နောက်ဆုံးတွင် ပါရီမြို့ရှိ အိမ်ရာစီမံကိန်းတစ်ခုသို့ ရောက်ရှိသွားခဲ့ပြီး မိသားစုဝင်မဟုတ်သော သူစိမ်းများဖြစ်ကြသော်လည်း နောက်ဆုံးတွင် မိသားစုများပမာ အတူတကွနေထိုင်ခဲ့ကြပုံကို ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်သည်။

အခြားအရေးကြီးသောဆုဖြစ်သည့် အကောင်းဆုံးဒါရိုက်တာဆုကို တရုတ်(တိုင်ပေ)ဒါရိုက်တာ Hou Hsiao-Hsien အား Nie Yinnlang ဇာတ်ကားဖြင့် ချီးမြှင့်ပေးအပ်ခဲ့သည်။ ၎င်းကအကောင်းဆုံးဇာတ်ကားဆု Palme d'Or မရသည့်အတွက် စိတ်မပျက်ပါကြောင်း ထုတ်ဖော်ပြောကြားသည်။

ပြင်သစ်နိုင်ငံသည် ယခုနှစ် ကန်းရုပ်ရှင်ပွဲတော်တွင် အကြီးဆုံးဆုဖြစ်သည့် ဇာတ်ကားဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် မင်းသားဆုနှင့် မင်းသမီးဆုပါ ဆွတ်ခူးနိုင်ခဲ့သည်။ **(ဆင်ဟွာ)**

# ပညာရေးကဏ္ဍတိုးတက်ရေး ကြိုးပမ်းကြစေလို

**ရန်ကုန်  မေ ၂၅**

၂၀၁၅ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှော ဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ) စတုတ္ထနေ့အဖြစ် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ တက္ကသိုလ် စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပ သည်။

ယနေ့ နှီးနှောဖလှယ်ပွဲတွင် တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းနှင့် ဗန်းမော် တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကြည်ရွှင်တို့က "အမျိုးသားအဆင့် အရည်အသွေးသတ်မှတ်မှု မူဘောင် စာတမ်း" ကို ဖတ်ကြားဆွေးနွေးကြ ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာ ညီလှငယ်က Moderator အဖြစ် ဆောင်ရွက်ခဲ့သည်။

စာတမ်းရှင်များက အမျိုးသား အဆင့် အရည်အသွေးသတ်မှတ်မှု မူဘောင်နှင့်ပတ်သက်၍ နိုင်ငံတကာ အဆင့် လေ့လာတွေ့ရှိမှုများကို ထည့်သွင်းတင်ပြခဲ့ကြပြီး တက်ရောက် လာကြသူများကလည်း ပြန်လည် ဆွေးနွေးအကြံပြုခဲ့ကြသည်။

အာဆီယံအဖွဲ့ဝင် နိုင်ငံအချင်း ချင်း လုပ်သားများ ရွှေ့ပြောင်းသွား လာမှုဆောင်ရွက်ရာတွင် လည်း ကောင်း၊ တက္ကသိုလ်များအချင်းချင်း ပညာရှင်များ၊ ကျောင်းသား ကျောင်း သူများ ဖလှယ်ကူးပြောင်းဆောင်ရွက် ရာတွင်လည်းကောင်း၊ အရည်အသွေး ပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရာ တွင်လည်းကောင်း ပိုမိုလွယ်ကူမှု ရှိ လာစေရန်နှင့် နိုင်ငံအချင်းချင်း အသိအမှတ်ပြုနိုင်ရန်အတွက် အမျိုး သားအဆင့် အရည်အသွေးသတ်မှတ် မှု မူဘောင်ကို သတ်မှတ်ပြဋ္ဌာန်း ဆောင်ရွက်ရမည်ဖြစ်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီး ဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုးဝင်းက လေးရက်တာဆွေးနွေးခဲ့ သည့် အဓိကစာတမ်းခြောက်စောင် နှင့် ပတ်သက်၍ ဆွေးနွေးရရှိချက်များ ကို ရှင်းလင်းတင်ပြရာ တက်ရောက် လာကြသူများက ထပ်မံဆွေးနွေး အကြံပြုခဲ့ကြသည်။

ထို့နောက် နှီးနှောဖလှယ်ပွဲ ပိတ် ပွဲအခမ်းအနားကျင်းပရာ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက အမှာ စကားပြောကြားခဲ့သည်။ **(အောက်ပုံ)**



ယင်းသို့ပြောကြားရာတွင် ပညာ ရေးဝန်ကြီးဌာနအနေဖြင့် နှီးနှော ဖလှယ်ပွဲများကို နှစ်စဉ်ကျင်းပပြုလုပ် ခဲ့သော်လည်း ယခုကျင်းပသည့် နှီး နှောဖလှယ်ပွဲတွင် တက္ကသိုလ်ပေါင်း စုံဖြင့် ပြုလုပ်နိုင်ခြင်းသည် ထူးခြား ချက်တစ်ခုဖြစ်ပါကြောင်း၊ နှီးနှော ဖလှယ်ပွဲ ကျင်းပခဲ့သည့် လေးရက် တာကာလအတွင်း ပြည့်ပြည့်စုံစုံ ဆွေးနွေးနိုင်ခဲ့သည်ကို စာတမ်းများ မှ ဆွေးနွေးရရှိချက်များအပေါ် ကြည့်ခြင်းအားဖြင့် သိရှိရပါကြောင်း၊ ပညာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက် ရေးအတွက် အရေးကြီးသည့် အဓိက ကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် ပညာရေးမိသားစု စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ကြိုး ပမ်းကြစေလိုပါကြောင်း၊ ပညာရေး ကဏ္ဍအတွက် နှစ်စဉ်အသုံးစရိတ် ဘတ်ဂျက်များ တစ်နှစ်ပြီးတစ်နှစ် ပိုမိုအသုံးပြုခွင့်ရရှိနေပြီ ဖြစ်သဖြင့် ပညာရေးကဏ္ဍတိုးတတ်ရေးလုပ်ငန်း စဉ်များတွင် အကျိုးရှိရှိအသုံးပြုသွား ကြရန် တိုက်တွန်းပါကြောင်းဖြင့် မှာကြားခဲ့သည်။

ယခု ကျင်းပခဲ့သည့် နှီးနှော ဖလှယ်ပွဲနှင့် ပတ်သက်၍ ဘက်စုံလွှမ်း ခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာ သုံးသပ်ရေးလုပ်ငန်းအဖွဲ့မှ အတိုင် ပင်ခံပညာရှင် ဒေါက်တာမြင့်သိန်းက "ပညာရှင်တွေက ခေါင်းစဉ်အလိုက် စာတမ်းတွေ တင်သွင်းကြတယ်။ စာတမ်းတွေက တော်တော်ပြည့်စုံ တယ်။ ပညာရှင်တွေကလည်း ထောင့် ပေါင်းစုံကနေ ဆွေးနွေးကြတယ်။ ဆွေးနွေးချက်တွေက တော်တော် ခိုင်ခိုင်မာမာရှိတယ်။ ပညာရေးပြုပြင် ပြောင်းလဲမှုမှာ အကောင်အထည် ဖော်တဲ့နေရာမှာ လက်တွေ့ပြန် အသုံးချလို့ရမယ်လို့ ထင်ပါတယ်။

တက္ကသိုလ်ဝင်ခွင့် စနစ်ပြောင်း လဲရေးနဲ့ပတ်သက်လို့ ပြောရရင် အဆင်သင့်ဖြစ်မှုဟာ အရေးကြီးပါ တယ်။ (၁) Legal Framework အရ အဆင်သင့်ဖြစ်ဖို့ လိုပါ တယ်။ (၂) လုပ်ငန်းစဉ်တွေ ကျိုး ကြောင်း ညီညွတ်မှုရှိဖို့ လိုပါတယ်။ (၃)အကောင်အထည်ဖော်မယ့် ပုဂ္ဂိုလ် တွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ဖို့လို ပါတယ်။ (၄) စနစ်ပြောင်းမှာ သေချာ ပြီဆိုရင် မိဘနဲ့ကျောင်းသားတွေကို ကြိုတင်အသိပေးဖို့လိုပါတယ်။ ဒါမှ ပြင်ဆင်ချိန်ရမယ်။ အဲဒီအချက် (၄)ချက်မပြည့်စုံဘဲနဲ့ ဒါကိုချက်ချင်း အကောင်အထည်ဖော်လို့မရဘူး။

ဒါကြောင့် အခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာတော့ ဒီအချက်(၄) ချက်နဲ့ကြည့်ရင် ချက်ချင်းအကောင် အထည်ဖော်လို့မရသေးဘူး။ နောက် ၂/၃လအတွင်းမှာ စီမံချက်သေချာ ဆွဲပြီး ဆွေးနွေးချက်တွေအပေါ် ခြုံငုံ မိအောင်လုပ်မယ်။ ဘယ်တော့ အကောင်အထည်ဖော်မယ် ဆိုတာ သေချာပြန်စဉ်းစားမယ်။ အသေးစိတ် ဝိုင်းဝန်း ဆွေးနွေးကြမယ်ဆိုရင် အဆင်ပြေသွားမှာပါ။ ဒီလိုနှီးနှော ဖလှယ်ပွဲတွေလုပ်တာဟာ တကယ်လို အပ်တဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါဟာ နိုင်ငံရဲ့ပညာရေးအတွက် ကောင်း အောင် ဝိုင်းလုပ်နေတဲ့သဘောပါပဲ" ဟု ခြုံငုံသုံးသပ်ပြောပြခဲ့သည်။

**(ပညာရေး)**

# အန္တရာယ်ရှိသော သားပျက်သားလျှောခြင်းမှကာကွယ်ကုသခြင်းဆိုင်ရာ ဗဟိုအဆင့် အသိပညာပေးဆွေးနွေးခြင်းနှင့် စေတနာ့ဝန်ထမ်းသင်တန်းဖွင့်

**နေပြည်တော်  မေ ၂၅**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကျန်းမာ ရေးဦးစီးဌာနနှင့် IPPF Project အဖွဲ့တို့ပူးပေါင်း၍ အန္တရာယ်ရှိသော သားပျက်သားလျှောခြင်းမှ ကာကွယ် ကုသခြင်းဆိုင်ရာ ဗဟိုအဆင့် အသိ ပညာပေးဆွေးနွေးခြင်းနှင့် စေတနာ့ ဝန်ထမ်းသင်တန်း ( MYA /12/ A3); Prevention of Unsafe Aboration ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သုခမလမ်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရန်ကုန်တိုင်း ဒေသကြီး မိခင်နှင့်ကလေးစောင့် ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ဝင် များနှင့် ကြည့်မြင်တိုင်၊ လှိုင်သာယာ၊ အင်းစိန်၊ မှော်ဘီ၊ မရမ်းကုန်းမြို့နယ် တို့မှ တစ်မြို့နယ်လျှင် သင်တန်းသား ငါးဦး စုစုပေါင်း ၂၅ ဦး တက်ရောက် ကြသည်။

ရှေးဦးစွာ ဒုတိယဥက္ကဋ္ဌ ဒေါ်မူမူ ဆွေက အဖွင့်အမှာစကားပြောကြား ပြီး အတွင်းရေးမှူး ဒေါ်တင်တင်ဝင်းက အသင်းပိုင် သားဖွားခန်းများနှင့် မျိုးဆက်ပွားကျန်းမာရေး မြှင့်တင်မှု အကြောင်း၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ သိဂီမြင့်က သားပျက် သားလျှော ခြင်းနှင့် မျိုးဆက်ပွား ကျန်းမာရေး ဆိုင်ရာ အသိပညာပေးဆွေးနွေး ခြင်းအကြောင်း၊ IPPF Project မှ အမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်က မိခင်နှင့် ကလေးအသင်းနှင့် IPPF ဌာနတို့ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းစဉ်များအကြောင်း အသိပေး ဆွေးနွေးခဲ့ကြသည်။

အဆိုပါ သင်တန်းကို မေ ၂၈ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ပို့ချ သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပြန်ကြားရေးဝန်ကြီးဌာန Call Center တည်ထောင်ပြီး ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Co.,Ltd. တို့ ပူးပေါင်း၍ "Call Center Hotline 1883"မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက် သော သတင်းများ၊ မိုးလေဝသနှင့် ရာသီဥတုသတင်းများ၊ ပြည်တွင်း သတင်းများ၊ နောက်ဆုံးရသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို (၁-၆-၂၀၁၅)ရက်နေ့မှစ၍ ၂၄ နာရီ ထုတ်လွှင့်ပေးခြင်းနှင့် ဖြေကြားဝန်ဆောင် မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

Call Center အသုံးပြုပုံမှာ 1883 Hot Line နံပါတ်ကို ခေါ်ဆိုပါ။ နံပါတ်(၁)တွင် နေ့စဉ်သတင်းများကို စက္ကန့် (၉၀) နားဆင်နိုင်သည်။

အဆိုပါနံပါတ်တွင် နံပါတ်ခွဲ(၃)ခုထားရှိကာ နံပါတ် (၁)တွင် ပြည်တွင်း သတင်း၊ နံပါတ်(၂)တွင် မိုးလေဝသတင်းနှင့် နံပါတ်(၃)တွင် နောက်ဆုံးရ ထူးခြားဖြစ်စဉ်သတင်းများကို နားဆင်နိုင်သည်။

ဝန်ကြီးဌာနနှင့် ပတ်သက်သည့် အချက်အလက်များကို သိလိုလျှင်၊ ကောလာဟလသတင်းများ၊ အင်တာနက်သတင်းများကို အတည်ပြု လိုလျှင် နံပါတ်(၂)ကိုနှိပ်ပါက Operator မှ ဖြေကြားပေးမည် ဖြစ်ပါ သည်။

လက်ရှိအခြေအနေတွင် မြန်မာ့ဆက်သွယ်ရေး (MPT)ဖုန်းများသာ ဝန်ဆောင်မှုရရှိမည်ဖြစ်ပြီး မကြာမီတွင် အခြား Moblile ဖုန်း အော်ပရေတာ များနှင့် ပူးပေါင်းပြီး ဝန်ဆောင်မှုရရှိစေရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



# ဒီမိုကရေစီ၏ အနှစ်သာရ ညီတူညီမျှအခွင့်အရေးရကြပါစေ

ဘိုးသက်ရှည် (ဥပဒေ)

၂၃-၅-၂၀၁၅ ရက် (စနေနေ့)ထုတ်ဝေတဲ့ ကြေးမုံ သတင်းစာတွင် လာမည့်အထွေထွေရွေးကောက်ပွဲကြီး နှင့်ပတ်သက်ပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် ဆောင်းပါးရှင် ရန်ကင်းရေးသားထားသော "နိုင်ငံသား တိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့် နှင့် ရွေးကောက်ခံပိုင်ခွင့်ရှိသည်"ဆိုသည့် ဆောင်းပါးကို ဖတ်ရှုလိုက်မိသည်။ ဆောင်းပါးရှင်က မကြာမီကျင်းပ မည့် အထွေထွေရွေးကောက်ပွဲကြီးတွင် လက်ရှိသမ္မတ၊ ဒုတိယသမ္မတများသည် ဝင်ရောက်ယှဉ်ပြိုင် ရွေးချယ် ခံပိုင်ခွင့်၊ မဲဆွယ်စည်းရုံးပိုင်ခွင့်နှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို ရည်ညွှန်း၍ တွေးဆချက်များကို တင်ပြထားကြောင်း တွေ့ရှိရသည်။

နိုင်ငံ့ဝန်ထမ်းဘဝတွင် နှစ်ပေါင်းများစွာ ဥပဒေ ရေးရာနယ်ပယ်၌ ထမ်းဆောင်ခဲ့ပြီးသော အငြိမ်းစား ကျွန်တော်သည် ရန်ကုန်မြို့၏ လူဦးရေကျဲပါးပြီး ဆိတ်ငြိမ်သော မြို့ပြင်ရပ်ကွက်တစ်ခုတွင် နေထိုင်၍ မိမိရပ်ကွက်၏ ရပ်ရေးရွာရေး၊ သာရေးနာရေး၊ လူမှုရေး များကိုသာ တတ်အားသရွေ့ ဆောင်ရွက်လျက်ရှိသည်။ တစ်နည်းအားဖြင့် အမျိုးသားနိုင်ငံရေးကိုသာ စိတ်ပါ ဝင်စားစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနေသူဟု ဆိုနိုင် သည်။

မုတ်သုံ၏အစဖြစ်လေရာ မိုးဦးလေဦးလည်း စတင် လာသဖြင့် သဘာဝပတ်ဝန်းကျင်သည်လည်း စိမ်းလန်း စိုပြည်စ ပြုလာလေပြီ။မိုးသံလေသံနှင့်အတူ အောက်ပြည် အောက်ရွာ၏ ဖားမျိုးစုံတို့ကလည်း အော်မည်ကြလေပြီ။ ဤသို့သော ရာသစုံမြင်ကွင်းနှင့်အတူ ပထမအကြိမ် လွှတ်တော်ကုန်ဆုံးခါနီးပြီဖြစ်သဖြင့် ဒုတိယလွှတ်တော် သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်တရားမျှတစွာ ဆောင်ရွက်ပေးနိုင်ရန် ရွေးကောက်ပွဲကော်မရှင်ကြီးက သွက်သွက်လက်လက်

> **ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးခြင်းသည် ပါတီလုပ်ငန်း ဆောင်ရွက်ခြင်းမဟုတ်ပါ။ နိုင်ငံရေးပါတီများတွင် ပါတီအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် ပါတီဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ စသည့်ပုဂ္ဂိုလ်များသည် ပါတီမှသတ်မှတ် ထားရှိသော ပါတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည်သာ ပါတီ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်**

လှုပ်ရှားစပြုနေလေပြီ။ သတင်းစာ၊ ဂျာနယ်တို့ကလည်း နိုင်ငံရေးပါတီအသီးသီး၏ Election Campaign စတင် ဆောင်ရွက်မှု သတင်းစုံကို နေ့စဉ်ပြည်သူသို့ တင်ပြ နေကြလေသည်။ ကျွန်တော်သည် ဆောင်းပါးရှင် ရန်ကင်း၏ ရေးသားတင်ပြချက်အပေါ် မိမိ၏ နိုင်ငံ့ ဝန်ထမ်းဘဝ တစ်တပ်တစ်အား တွေ့ကြုံ ခဲ့သည့် အတွေ့ အကြုံများနှင့်အတူ ပြည်သူသို့တင်ပြရန် စိတ်ပါဝင်စား မိလာသည်။

ဆောင်းပါးရှင် ရန်ကင်း ရေးသားထားသော တင်ပြ ချက်များအနက်မှ အဓိကအချက်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၆၄ ပါ "နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ တို့သည် နိုင်ငံရေးပါတီတစ်ခုခုမှ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံ တော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်း အတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများ တွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ"ဆိုသော ပြဋ္ဌာန်းချက် ဖြစ်သည်ဟု ကျွန်တော် တွေ့ရှိမိလိုက်သည်။

ဆောင်းပါးရှင်၏ တွေးဆချက်များသည် ဥပဒေ လေ့လာသူတစ်ဦးက သူ၏လေ့လာတွေ့ရှိချက်ကို ဤရွေးကောက်ပွဲမတိုင်မီ ကာလအတွင်း လိုအပ်သလို သုံးသပ်ဆောင်ရွက်စေလိုသော ဆန္ဒစေတနာရှိပုံရသည် ဟု ယူဆမိပါသည်။ ပုဒ်မ ၆၄ တွင်ပါရှိသော သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မိမိတို့ရာထူး သက်တမ်းအတွင်း ပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်း မဆောင်ရွက်ရဟု တားမြစ်ထားခြင်းမှာ နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးရသော သမ္မတ၊ ဒုတိယသမ္မတများအား ၎င်းတို့အနေဖြင့် မိမိတို့ ၏ နိုင်ငံရေးပါတီတွင် မိမိတို့ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းမပြုရန် တားမြစ် ထားခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် သမ္မတ၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းမခံရမီက မိမိ၏ပါတီအတွက် မိမိဆောင်ရွက်ရသော ပါတီလုပ်ငန်း များကို သမ္မတ၊ ဒုတိယသမ္မတအဖြစ် ဤသို့ ရွေးကောက် တင်မြှောက်ခံရသည့်နေ့မှစ၍ ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားသော ပြဋ္ဌာန်းချက်သာဖြစ်သည်။

ဤနေရာတွင် ပါတီလုပ်ငန်းဆောင်ရွက်ခြင်းနှင့် အထွေထွေရွေးကောက်ပွဲတွင် မိမိနှင့် မိမိပါတီ အောင် နိုင်ရေးအတွက် မဲဆွယ်စည်းရုံးခြင်း (Election Campaign) ကို ခွဲခြားရှုမြင်ရန် လိုအပ်သည်။ ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးခြင်းသည် ပါတီ လုပ်ငန်းဆောင်ရွက်ခြင်းမဟုတ်ပါ။ နိုင်ငံရေးပါတီများ တွင် ပါတီအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများ ကို ဆောင်ရွက်ရန် ပါတီဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ စသည့် ပုဂ္ဂိုလ်များ သည် ပါတီမှသတ်မှတ်ထားရှိသော ပါတီ၏လုပ်ငန်း တာဝန်များကို ဆောင်ရွက်ခြင်းသည်သာ ပါတီလုပ်ငန်း ကို ဆောင်ရွက်ခြင်းဖြစ်သည်။

တစ်ဖက်တွင် ရွေးကောက်ပွဲ အောင်နိုင်ရေးအလို့ငှာ မဲဆွယ်စည်းရုံးခြင်း (Election Campaign) သည် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သောပုဂ္ဂိုလ်နှင့် အဖွဲ့ အစည်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထား သော အခွင့်အရေးပင်ဖြစ်သည်။ ဤအခွင့်အရေးကို မည်သည့် ပါတီဝင်ဖြစ်စေ၊ တစ်သီးပုဂ္ဂလဖြစ်စေ ကျင့်သုံး ပိုင်ခွင့်ရှိသည်။ အဘယ်ကြောင့်ဆိုရမူ- ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၈ ၏ ပုဒ်မခွဲ(က)တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေး ကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု အတိအလင်း ပြဋ္ဌာန်းထားရှိသောကြောင့်ဖြစ်သည်။ ထို့ပြင် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၀၆ တွင်လည်း "နိုင်ငံရေးပါတီ တစ်ရပ်သည် နိုင်ငံတော်အတွင်း- လွတ်လပ်စွာ စည်းရုံး ပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်"ဟုလည်းကောင်း ပြဋ္ဌာန်းထား ရှိပြီးဖြစ်သည်။ သို့ဖြစ်ရာ ပါတီတစ်ရပ်ရပ်၏ ပါတီဝင် ဖြစ်စေ၊ တစ်သီးပုဂ္ဂလဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ၏ ပုဒ်မခွဲ(က)အရ ရွေးကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ခွင့် ရှိနေပြီဖြစ်ရာ ယင်းသို့ယှဉ်ပြိုင်ရာတွင် မိမိပါတီ သို့မဟုတ် မိမိအောင်နိုင်ရေးအတွက် စည်းရုံးခွင့် သည် အလိုအလျောက် ဆောင်ရွက်ခွင့်ရှိပြီးဖြစ်ပေသည်။ ဤအခွင့်အရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ် ထားသော ပိတ်ပင်၍မရသည့် အခွင့်အရေးဖြစ်ရာ သမ္မတ၊ ဒုတိယသမ္မတများအပါအဝင် နိုင်ငံသားတိုင်း ခံစားခွင့်ရှိကြောင်း သိသာထင်ရှားလှသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၁ ၏ ပုဒ်မခွဲ(ခ) နှင့်(ဂ)တို့အရ သမ္မတနှင့် ဒုတိယသမ္မတများသည် ရာထူး သက်တမ်း ကုန်ဆုံးသော်လည်း သမ္မတနှင့် ဒုတိယသမ္မတ အသစ်များ ရွေးချယ်တင်မြှောက်ပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင် ရပါမည်။ ဤသို့ ပြဋ္ဌာန်းထားခြင်းသည် နိုင်ငံတော်တွင် သမ္မတနှင့် ဒုတိယသမ္မတများ ရာထူးနေရာများ လစ်လပ် မှုမရှိဘဲ စဉ်ဆက်မပြတ် ရှိနေစေရန်ဖြစ်သည်။ ထို့ပြင် သမ္မတနှင့် ဒုတိယသမ္မတများသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၆၁ ၏ ပုဒ်မခွဲ(ဂ)အရ ရာထူးသက်တမ်း နှစ်ကြိမ်အထိ ထမ်းဆောင်ခွင့်ရှိရာ ၎င်းတို့သည်လည်း ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ခံရရေးအတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပေသည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်နှင့် အနှစ် သာရကို စဉ်းစားဆင်ခြင်သည့်အခါ ဥပဒေ၏ ပုဒ်မတစ်ခု တည်းကိုသာကွက်၍ စဉ်းစားခြင်းမပြုဘဲ သက်ဆိုင်ရာ အခြားပုဒ်မများနှင့် ယှဉ်တွဲ၍ ပေါင်းစပ်စဉ်းစားရပါ သည်။ သို့မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက် နှင့် အနှစ်သာရကို မှန်ကန်စွာ ဖော်ထုတ်ရရှိနိုင်မည် ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆ ၏ ပုဒ်မခွဲ(င) တွင် "နိုင်ငံတော်သည် နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောက ပါလတရားများ ပိုမိုထွန်းကားရေးကို အစဉ်တစိုက် ဦးတည်သည်"ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေနှင့် နိုင်ငံသားအားလုံး (သမ္မတနှင့် ဒုတိယသမ္မတများ အပါအဝင်)အတွက် တရားမျှတမှုကို ဦးတည်ထားရှိစေ လိုသဖြင့် ဤအချက်ကို ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ယခု ဖော်ပြခဲ့သော ပုဒ်မ ၆ ၏ ပုဒ်မခွဲ(င)ပါ ပြဋ္ဌာန်း ချက်နှင့်တကွ ပုဒ်မ ၃၈ ၏ ပုဒ်မခွဲ(က)၊ ပုဒ်မ ၆၁၊ ပုဒ်မ ၄၀၆ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၆၄ ပါ ပြဋ္ဌာန်း ချက်များအရ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ သည် လာမည့် အထွေထွေရွေးကောက်ပွဲတွင် မိမိလက်ရှိ ရာထူးမှ နုတ်ထွက်ခြင်းမပြုဘဲ ဝင်ရောက်ယှဉ်ပြိုင် အရွေး ခံပိုင်ခွင့်နှင့် မဲဆွယ်စည်းရုံးခွင့်များရှိကြောင်း ထင်ရှားစွာ တွေ့ရှိရသည်။

ထို့ပြင် ရည်ညွှန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"**ပုဒ်မ ၆။** (က) ပြည်ထောင်စု အစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) နိုင်ငံတော်သမ္မတ၊
(၂) ဒုတိယသမ္မတများ၊
(၃) ပြည်ထောင်စုဝန်ကြီးများ၊
(၄) ပြည်ထောင်စုရှေ့နေချုပ်။

(ခ) ××××××××××××××××××××။"

"**ပုဒ်မ ၇။** ပုဒ်မ ၆၊ ပုဒ်မခွဲ (က)ပါ ပြည်ထောင်စု အစိုးရအဖွဲ့အဖွဲ့ဝင် တစ်ဦးဦးသည်-

(က) ××××××××××××××××××××။

(ခ) ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် သော်လည်း ကောင်း၊ တစ်သီးပုဂ္ဂလရွေးချယ် ခံခဲ့သူဖြစ်လျှင် သော်လည်း ကောင်း၊ သီးခြားခန့်အပ်တာဝန် ပေးခြင်းခံခဲ့ရသည့် နိုင်ငံသား တစ်ဦးဖြစ်လျှင် သော်လည်း ကောင်း **အဆိုပါပုဂ္ဂိုလ်သည် နောင်လာမည့် အထွေထွေ ရွေးကောက်ပွဲ တစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူ ဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ၃၈၊ ပုဒ်မခွဲ (က)အရ ပေးအပ်ထားသော ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေး ကောက်ပွဲကျင်းပရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ကြေညာ သည့်နေ့မှစ၍ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီ စည်းရုံးရေးလုပ်ငန်းများကို လည်း ကောင်း၊ နယ်မြေစည်းရုံးရေး လုပ်ငန်းများကိုလည်း ကောင်း ဆောင်ရွက်ခွင့်ရှိသည်။**"

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များအရ နိုင်ငံ တော်သမ္မတနှင့် ဒုတိယသမ္မတများသည် ရာထူးတာဝန်မှ နုတ်ထွက်ရန်မလိုဘဲ ဒုတိယမြောက်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ခံခွင့်၊ ထိုသို့ ရွေးချယ်တင်မြှောက် ခံခွင့်ရရှိရန် မဲဆွယ်စည်းရုံးခွင့်ရှိသည့်အပြင် မိမိ ပါတီအတွက်ကိုလည်း မဲဆွယ်စည်းရုံးခွင့်ရှိကြောင်း ဤပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပြဋ္ဌာန်းချက်များက ထပ်ဆင့် အထောက်အပံ့ပြု ပြဋ္ဌာန်းထားသည်ကို အထင်အရှားတွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့ဖူးသော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်း ပုံအခြေခံဥပဒေများအရလည်း ထိုစဉ်က ဝန်ကြီးချုပ်များ သည် အထွေထွေရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ် ပြိုင်ကြရာ၌ ရာထူးမှနုတ်ထွက်ခြင်းမပြုဘဲ ရွေးကောက် ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရသည်။ အလားတူ အိမ်နီးချင်း အိန္ဒိယနိုင်ငံတွင်လည်း လက်ရှိဝန်ကြီးချုပ် သည် ရာထူးမှနုတ်ထွက်ခြင်းမပြုဘဲ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည်။ ကမ္ဘာ့ဒီမိုကရေစီကျင့်သုံးမှု တွင် စံပြုလျက်ရှိသည့် အမေရိကန်နိုင်ငံ၏ သမ္မတ ရွေးကောက်ရာတွင်လည်း လက်ရှိသမ္မတသည် ရာထူးမှ နုတ်ထွက်ခြင်းမပြုဘဲ ဒုတိယသက်တမ်းအတွက် ယှဉ်ပြိုင် အရွေးခံသည်ကို တွေ့ရှိနိုင်သည်။

**ထို့ကြောင့် မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော အစဉ် အလာများအရလည်းကောင်း၊ အခြားနိုင်ငံများတွင် ကျင့်သုံးသော အစဉ်အလာများအရ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်း ကောင်း၊ လက်ရှိနိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့ သည် ရာထူးမှ နုတ်ထွက်ခြင်းမပြုဘဲ ဒုတိယသက်တမ်း ရွေးချယ်တင်မြှောက်ခံခွင့်အတွက် မဲဆွယ်စည်းရုံးခြင်း၊ ယှဉ်ပြိုင်အရွေးခံခြင်းတို့အပြင် မိမိပါတီ အောင်နိုင်ရေး အတွက် မဲဆွယ်စည်းရုံးခြင်းများကိုလည်း ဆောင်ရွက် နိုင်ကြောင်း ထင်ရှားလှပေသည်။**

ထိုနည်းတူစွာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် လည်း ဒုတိယသက်တမ်း ဝင်ရောက်ယှဉ်ပြိုင်လိုပါက လက်ရှိရာထူးတာဝန်မှ နုတ်ထွက်ရန်မလိုဘဲ မဲဆွယ် စည်းရုံး၍ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရှိသည်။ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများက ညီတူညီမျှ ခံစားခွင့်ရှိသည်များကို ပြဋ္ဌာန်းပေးအပ်ထားပြီး ဖြစ်သည်ကို ပေါ်လွင်အောင် ဖော်ထုတ်တင်ပြရခြင်း ဖြစ်ပါသည်။

ဒီမိုကရေစီ၏ အနှစ်သာရ ညီတူညီမျှ အခွင့်အရေး ရကြပါစေ။

---

## စိုက်ပျိုးရေး နည်းပညာပေး ဆွေးနွေးပွဲများကျင်းပ

**မော်လမြိုင်ကျွန်း မေ ၂၅**

မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် မိုးစပါးစိုက်တောင်သူများ စပါးအထွက် နှုန်းတိုးတက်ရေးအတွက် စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲများကို မြို့နယ်အတွင်းရှိ ကျေးရွာ အုပ်စု စုရပ်နယ်မြေများတွင် မေ ၂၄ရက်က ကွင်းဆင်းဆွေးနွေးဆောင်ရွက်လျက်ရှိသည်။

ယင်းစိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲများတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဌေးနှင့် ဝန်ထမ်းများက မိုးစပါးစိုက်တောင်သူများ တစ်ဧက စပါးအထွက်နှုန်း တိုးတက်ရေး မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးရေးနှင့် အထူးအထွက်တိုးနည်းပညာ ၁၄ ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု စုရပ်နယ်မြေအလိုက် စိုက်ပျိုး ရေးနည်းပညာပေး ဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည့်အပြင် စိုက်ပျိုးရေးဆိုင်ရာ သိကောင်း စရာများကို မိုးစပါးစိုက်တောင်သူများက မေးမြန်းဆွေးနွေးကြရာ ကွျမ်းကျင်စိုက်ပျိုးရေး ဝန်ထမ်း များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**မော်ကျွန်း- မြင့်အောင်**

# ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်းလုပ်ငန်းများ ယခုထက်ပိုမို ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ထိရောက်အောင်မြင်မည်

**နေပြည်တော် မေ ၂၅**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ၏နိုင်ငံတော်အတွင်း ခေတ်အဆက်ဆက်တည်ထောင်ထားခဲ့သော ဆည်များ နှစ်ရှည်လများ တည်တံ့ခိုင်မြဲရေးအတွက် ရေဝေရေလဲသစ်တောများပြုန်းတီးမှု ကာကွယ်ပေးရန်နှင့် အစဉ်ထာဝရ ကောင်းမွန်နေစေရန် မည်သည့်အစီအမံများဖြင့် စီမံဆောင်ရွက်ထားသည် မေးခွန်းနှင့်စပ်လျဉ်း၍ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်**က ဆည်ရေလှောင်တမံများ၏ ရေဝေရေလဲဒေသများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ရန်အတွက် နှစ်(၃၀) စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်ထိ တတိယငါးနှစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရမည်းသင်းခရိုင်အတွင်းရှိ သစ်ဆုံးဆည်၏ ရေဝေရေလဲဧရိယာသည် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်းဧရိယာတွင် ပါဝင်ပြီး ဧက ၇၆၈၀၀ ကျယ်ဝန်းပါကြောင်း၊ ရမည်းသင်းခရိုင်အတွင်း



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ဆည်နှင့်ချောင်းများ၏ ရေဝေရေလဲဧရိယာဧက တစ်သိန်းကျော်ရှိပြီး သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ ရေဝေရေလဲစိုက်ခင်းများ ပြန်လည်ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေဝေရေလဲ စိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းသည် ရန်ပုံငွေကန့်သတ်ချက်ဖြင့် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရေအားလျှပ်စစ်ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိသည့် သက်ဆိုင်ရာဌာနများ၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ရေအရင်းအမြစ်ကို အဓိကထားအသုံးပြုဆောင်ရွက်လျက်ရှိသည့် ဌာနများ၊ ဒေသခံပြည်သူများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ထိရောက်အောင်မြင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်၏ ယင်းမာပင်မြို့နယ် လက်ဝဲမြောင်းမကြီး ဖောက်လုပ်ရာတွင် ပါဝင်ခဲ့သော လယ်ယာမြေများအတွက် သက်ဆိုင်ရာတောင်သူများအား ထိုက်သင့်သောနစ်နာကြေးများ ထုတ်ပေးရန်နှင့် မြောင်းမကြီးတွင် လက်တံသွယ်နှင့် ရေယူမြောင်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်း၍ မေးမြန်းရာ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်**က ယင်းမာပင်မြို့နယ်နှင့် ပုလဲမြို့နယ်အတွင်းရှိ လယ်ယာမြေများ စိုက်ပျိုးရေရရှိရေးအတွက် မြောက်ယမားလက်ဝဲ



ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ မေးမြန်းစဉ်။ (သတင်းစဉ်)

မြောင်းမကြီးတူးဖော်ခြင်း လုပ်ငန်းအား နှစ်စဉ်ခွဲဝေရရှိသော ရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း။

ယခင်အစိုးရများ အဆက်ဆက်ကာလမှ တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သော ရေလှောင်တမံများ၏ ရေဝပ်ဧရိယာအတွင်း တမံဖို့မြေယူသောဧရိယာအတွင်းနှင့် ဆည်ရေသောက်ဧရိယာအတွင်း ကျရောက်သော လယ်ယာမြေများအား နစ်နာကြေးပေးလျော်ရပါက နိုင်ငံတော်အနေဖြင့် ငွေကြေးပမာဏ များပြားစွာ သုံးစွဲရမည်ဖြစ်ပါကြောင်း၊ အဆိုပါ တည်ဆောက်ပြီးစီးခဲ့သော ဆည်မြောင်းစီမံကိန်းများသည် အများပြည်သူအကျိုး နိုင်ငံတော်အကျိုးအတွက် ထိုစဉ်က တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပါဝင်နစ်နာမှုရှိခဲ့သော လယ်ယာမြေများအတွက် နစ်နာကြေးပေးအပ်နိုင်ရန် နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံထားခြင်း မရှိပါကြောင်းနှင့် နစ်နာကြေးပေးအပ်ရန်အစီအစဉ်မရှိပါကြောင်း လက်ဝဲမြောင်းမကြီး၏ လက်တံမြောင်းများဖော်ဆောင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတောင်းခံခဲ့သော်လည်း မရရှိခဲ့ပါကြောင်း၊ နောင်တွင် ထပ်မံတောင်းခံပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ နိုင်ငံခြားသားခရီးသည်များ ငွေလဲလှယ်ရေးအတွက် ရုံးပိတ်ရက်ရှည်များတွင် ဘဏ်များနှင့် Money Changer များကို ဗဟိုဘဏ်မှကွပ်ကဲ၍ အဓိကကျသော မြို့နယ်တိုင်း၌ အလှည့်ကျဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ **မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်**က KBZ, AYAB, CB ဘဏ်များမှ လေဆိပ်များ၊ ရွှေတိဂုံဘုရားနှင့် Shopping Centre များ စသည့်နေရာများတွင် Money Changer များဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် လာမည့်သင်္ကြန်ကာလအတွင်း နိုင်ငံခြားခရီးသွား များပြားသော အဓိကကျသောမြို့နယ်များ၌ ဘဏ်များ၏ Money Changer Counter များနှင့် ဘဏ်မဟုတ်သော ကုမ္ပဏီများ၏ Money Changer Counter များ အလှည့်ကျဖွင့်လှစ်နိုင်စေရန် ညှိနှိုင်းအကြောင်းကြားသွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ပုဂ္ဂလိကဘဏ်အချို့တွင် နိုင်ငံခြားငွေများကို အလိုအလျောက် လဲလှယ်ပေးနိုင်သည့် Foreign Exchange ATM စက်များကို ယခုဘဏ္ဍာနှစ်အတွင်း တပ်ဆင်သွားမည်ဖြစ်ပြီး ယင်း ATM များကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အချက်အချာကျသည့်နေရာများတွင် ၂၀၁၆-၂၀၁၇ ခုနှစ် သင်္ကြန်ကာလတွင်လည်း အသုံးပြုနိုင်ရန် စီစဉ်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

# ရွှေစင်ကြယ်ပဲပင် စမ်းသပ်အောင်မြင်ပါက ဘိန်းအစားထိုးဒေသများရှိ တောင်သူများစိုက်ပျိုးနိုင်ရေး နည်းပညာပံ့ပိုးကူညီပေးမည်

**နေပြည်တော် မေ ၂၅**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင်က တောင်ပေါ်ဒေသ ဘိန်းစိုက်ပျိုးသည့်ဒေသများတွင် ဘိန်းအစားထိုးစိုက်ပျိုးရန် ရွှေစင်ကြယ်ပဲမျိုး Pure Gold Star Bean (Star Sacha Inchi) အား အစားထိုးစိုက်ပျိုးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း**က ရွှေစင်ကြယ်ပဲပင်သည် နေရောင်အနည်းဆုံး ၁၂ နာရီ ရရှိရန်လိုအပ်ပြီး ရေမဝပ်သောမြေမျိုးတွင် ကောင်းစွာဖြစ်ထွန်းပါကြောင်း၊ ရေဝပ်ဒဏ်ကိုမခံနိုင်ပါကြောင်း၊ သို့သော် ခြောက်သွေ့ကာလ၌ ရေသွင်းပေးရန် လိုအပ်ပါကြောင်း၊ နွေးသမပိုင်းရာသီဥတုကို နှစ်သက်၍ မြန်မာနိုင်ငံတွင် ကောင်းစွာ အောင်မြင်ဖြစ်ထွန်းနိုင်ပါကြောင်း။

ရွှေစင်ကြယ်ပဲကို ရောဂါကုသနိုင်သည့် ဆေးထုတ်လုပ်မှုတွင် လည်းကောင်း၊ စားသုံးကုန်ထုတ်လုပ်မှုတွင် လည်းကောင်း၊ အလှကုန်ပစ္စည်းထုတ်လုပ်မှုတွင် လည်းကောင်း၊ လူ့ခန္ဓာကိုယ်ကိုဖွံ့ဖြိုးမှုပံ့ပိုးသည့် ဆေးထုတ်လုပ်မှုတွင်လည်းကောင်း အသုံးပြုကြပါကြောင်း။

လက်ရှိအခြေအနေတွင် လားရှိုးမြို့နယ်၊ မူဆယ်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်များတွင် ဧက ၁၅၀၀ စာ EL SHADDAI Co.,Ltd ကုမ္ပဏီမှ မျိုးစေ့တင်သွင်းဖြန့်ဖြူး စမ်းသပ်စိုက်ပျိုးလျက်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး အေးသုခကျေးရွာ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် မြောက်ချောကုန်းကျေးရွာ၌လည်းကောင်း စမ်းသပ်စိုက်ပျိုးရန် ပျိုးထောင်ထားပါကြောင်း၊ အဆိုပါဒေသများတွင် စမ်းသပ်စိုက်ပျိုးမှုအောင်မြင်ပါက ဘိန်းအစားထိုးဒေသများရှိ တောင်သူများ စိုက်



ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နည်းပညာပံ့ပိုးကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်မဲဆန္ဒနယ်မှ ဦးအုန်းတင်၏ ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာအုပ်စုရှိ ကျီးဒွေကျေးရွာ၊ ရွာမကျေးရွာ၊ ကုန်ဘောင်(ဝက်တောပြင်) ကျေးရွာသုံးရွာဆက်သွယ်ထားသော မြေသားလမ်းကို ကျောက်ချောလူသွားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး**က ကျောက်ဖြူမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၃၁၁ ဒသမ ၀၀ သန်းဖြင့် ကျောက်ချောလမ်း ၁၁ မိုင်၊ မြေသားလမ်း မိုင် ၂၀ နှင့် ကွန်ကရစ်တံတားပေ ၁၀၀တို့အား ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါကြောင်း။

ကျောက်ဖြူမြို့နယ် ဇင်ချောင်းကျေးရွာအုပ်စုရှိ ကျီးဒွေကျေးရွာ၊ ရွာမကျေးရွာ၊ ကုန်ဘောင်(ဝက်တောပြင်) ကျေးရွာသုံးရွာအား ရွာချင်းဆက်လူသွားကျောက်ချောလမ်းသည် ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြထားခြင်းမရှိသေးပါကြောင်း၊ လတ်တလောတွင် ဆောင်



ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင် မေးမြန်းစဉ်။ (သတင်းစဉ်)

ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး၏ ကျောက်တော်မြို့နယ် ဆန်းသစ်ပြင်ကျေးရွာတွင် နိုင်ငံတော်အစိုးရက မူလတန်းကျောင်းတစ်ကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ **ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း**က ကျောက်တော်မြို့နယ်၊ ဆန်းသစ်ပြင်ကျေးရွာ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းသည် စာသင်ဆောင်(အလျား ပေ ၆၀၊ အနံ ပေ ၃၀)၊ ခနိမိုး၊ ဝါးခင်း၊ ထရံကာ တစ်ထပ်ဆောင်ဖြစ်ပြီး စာသင်ခန်းမှာ ဟောခန်းဖြစ်ပါကြောင်း၊ ပင်မကျောင်း ငတပေါင်း အခြေခံပညာမူလတန်းကျောင်းနှင့် သုံးမိုင်ခန့်ကွာဝေးပါကြောင်း၊ လက်ရှိကျောင်းသားဦးရေသည် သတ်မှတ်ထားသည့် မူလတန်းဆင့်သင်ကျောင်းသားဦးရေ ပြည့်မီခြင်းရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ဆန်းသစ်ပြင်ကျေးရွာ ကိုယ်ထူကိုယ်ထ မူလကျောင်းကို အခြေခံပညာ မူလတန်းကျောင်း(ခွဲ) အဖြစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် မေ ၂၅**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးမောင်ထူးခေါင်းဆောင်သည့် အဖွဲ့ဝင် ၅၉ ဦး၊ ဗန်းမော်တက္ကသိုလ်ကထိက ဒေါက်တာ လှိုင်မျိုးမျိုးဌေးခေါင်းဆောင်သည့် ပထဝီဝင်အထူးပြု စတုတ္ထနှစ်နှင့် ဒုတိယနှစ်ဂုဏ်ထူးတန်းမှ ကျောင်းသား ကျောင်းသူ ၄၃ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင် (မြစ်သားမဲဆန္ဒနယ်)၏ မိတ်ဆွေလေးဦးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသူ (ဥတ္တရသီရိမဲဆန္ဒနယ်)၏ မိတ်ဆွေလေးဦး စုစုပေါင်း ၁၁၀ တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

**(သတင်းစဉ်)**

# ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် ဓာတ်မြေဩဇာများ အခမဲ့ဖြန့်ဝေ

**မူဆယ် မေ ၂၅**

ရှမ်းပြည်နယ် မူဆယ်ခရိုင် ကွတ်ခိုင်မြို့တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအစီအစဉ်ဖြင့် ဘိန်းအစားထိုးလုပ်ငန်းမျိုးစေ့နှင့် ဓာတ်မြေဩဇာ အခမဲ့ဖြန့်ဖြူးခြင်း အခမ်းအနားကို မေ ၂၃ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုခန်းမ၌ ဆောင်ရွက်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်နှင့် စီမံခန့်ခွဲရေးအဖွဲ့များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်အေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများ စုစုပေါင်း ၁၀၈ ဦး တက်ရောက်ခဲ့သည်။

**အခမဲ့ဖြန့်ဖြူးပေး**

အဆိုပါ အခမ်းအနားတွင် ပုလဲသွယ်စပါးမျိုး ကီလို ၇၀၀၊ ရာသီသီးနှံမျိုးစေ့ ၇၅ ဧကစာနှင့် ကွန်ပေါင်းမြေဩဇာ အိတ် ၅၀ ကို အခမဲ့ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**သန့်စင်(၁၀၅ မိုင်)**

# လှေစီးဒုက္ခသည်အများစုက မြန်မာနိုင်ငံမှမဟုတ်တာကို ကုလသမဂ္ဂအဖွဲ့ အစည်းတွေ တစ်စတစ်စနားလည်သဘောပေါက်လာကြတယ်

ဦးထင်လင်း

ကပ္ပလီပင်လယ်နှင့် မလက္ကာရေလက်ကြား၌ တရားမဝင်ရွှေ့ပြောင်း သွားလာသော ပင်လယ်တွင်း လှေစီးဒုက္ခသည်များရောက်ရှိနေပြီး ၎င်းတို့ကို လက်ခံမည့် နိုင်ငံများမရှိသည့်အတွက် ပင်လယ်အတွင်း၌ ဒုက္ခရောက်မည့်အခြေအနေများ ကြုံတွေ့နေခြင်းအပေါ် နိုင်ငံတကာအသိုက်အဝန်းက စိုးရိမ်ပူပန်မှုများရှိနေကြောင်း သတင်းများကျယ်ပြန့်စွာပေါ်ထွက်လာခဲ့သည်။ အဆိုပါ သတင်းများနှင့်ပတ်သက်ပြီး လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို ပြည်သူများ သိရှိနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ ဘင်္ဂလားဒေ့ရှ်ဘက်မှ လှေစီးဒုက္ခသည်တွေကို ယာယီကယ်ဆယ်ထားတယ်လို့ သိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဖြစ်စဉ်ကိုသိချင်ပါတယ်။ ပြီးတော့ ဘယ်လိုရည်ရွယ်ချက်နဲ့လှေစီးဒုက္ခသည်တွေကို ကယ်ဆယ်ခဲ့တယ်ဆိုတာကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ မြန်မာနိုင်ငံအနေနဲ့ လှေစီးဒုက္ခသည်တွေ ပင်လယ်အတွင်းမှာ ဒုက္ခရောက်မှာကို နိုင်ငံတကာအသိုက်အဝန်းနဲ့ ထပ်တူစိုးရိမ်ပါတယ်။ လှေစီးဒုက္ခသည်တွေ တွေ့ရှိရင်လည်း လူသားချင်း စာနာထောက်ထားမှု အကူအညီတွေပေးအပ်ဖို့ အသင့်ရှိပါတယ်။ ပြီးတော့ ရှာဖွေကယ်ဆယ်မှုတွေ ပြုလုပ်နိုင်ဖို့နဲ့ မြန်မာ့တပ်မတော်(ရေ)က ကင်းလှည့်မှု ပြုလုပ်နေတာတွေကို နိုင်ငံခြားရေးဝန်ကြီးဌာနက မေလ ၁၉ ရက်နေ့က သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

ဒီသဘောထားနဲ့အညီ ကပ္ပလီပင်လယ်နဲ့ မလက္ကာရေလက်ကြားမှာ ဖြစ်ပေါ်နေတဲ့ ရွှေ့ပြောင်းသွားလာသူတွေ၊ ပင်လယ်တွင်းလှေစီးဒုက္ခသည်တွေနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းနိုင်ငံများနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ဖို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းဦးဆောင်တဲ့ ပင်လယ်ပြင်အတွင်း တရားမဝင်ရွှေ့ပြောင်းသွားလာမှုများဆိုင်ရာ အရေးပေါ်စီမံခန့်ခွဲရေးကော်မတီကို မေလ ၂၂ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး ပထမအကြိမ် အစည်းအဝေးကိုလည်း အဲဒီနေ့မှာပဲ ပြုလုပ်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ မေလ ၂၀ ရက်နေ့ ညနေပိုင်းမှာ လှေစီးဒုက္ခသည် ၂၀၈ ဦးပါဝင်တဲ့ စက်လှေတစ်စင်းနဲ့ အခြားစက်လှေတစ်စင်းကို ရခိုင်ပြည်နယ် မောင်တောမြို့နယ် သဘော်ကွေ့ကျေးရွာအနောက်ဘက် ပင်လယ်ပြင်မှာ တွေ့ရှိခဲ့တဲ့အတွက် အလယ်သံကျော်ကျေးရွာအနီးမှာ ယာယီစောင့်ရှောက်မှုပေးထားပါတယ်။ ဒီလူတွေကို လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်တဲ့ အဖွဲ့ကသွားရောက်စိစစ်မှုတွေ ပြုလုပ်ခဲ့ရာမှာ သူတို့ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇား၊ စစ်တကောင်းနဲ့ ဒါကာမြောက်ခြမ်းမှာနေထိုင်တဲ့ ဘင်္ဂလားဒေ့ရှ်လူမျိုးတွေ ဖြစ်တာကို စိစစ်တွေ့ရှိရပါတယ်။ သူတို့ဟာအလုပ်အကိုင် အခွင့်အလမ်းတွေ ရှာဖွေဖို့ ထိုင်းနိုင်ငံနဲ့မလေးရှားနိုင်ငံတွေကို တရားမဝင် သွားရောက်မယ့် သူတွေ ဖြစ်တာလည်း တွေ့ရပါတယ်။

နောက်ပြီး သူတို့ဟာ ရှေ့ဆက်သွားဖို့လည်း အတားအဆီးတွေရှိနေတဲ့အတွက် တဝဲလည်လည်နဲ့ သောင်တင်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုဦးတည်လာရောက်တာမဟုတ်တာတော့ သေချာပါတယ်။



ဦးထင်လင်း
ခေတ္တညွှန်ကြားရေးမှူးချုပ်
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်
စီးပွားရေးဦးစီးဌာန

ဒီလူတွေကို ပင်ရင်းနိုင်ငံကို အမြန်ဆုံးပြန်လည်ပို့ဆောင်ဖို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရန်ကုန်မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးကို မေလ ၂၃ ရက်ကပြောကြားခဲ့သလို ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူများကို မေလ ၂၄ ရက်နေ့က ပြောကြားပြီးဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူများကလည်း လုပ်ထုံးလုပ်နည်းများနဲ့အညီ ဒီလူတွေကို ကောင်စစ်တွေ့ဆုံမှုတွေပြုလုပ်မယ်၊ တွေ့ဆုံမေးမြန်းမှုတွေ ပြုလုပ်မယ်၊ အဲဒီနောက် ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းတွေကို အမြန်ဆောင်ရွက်မယ်လို့လည်း ဖြေကြားထားပါတယ်။

ဒီလူတွေကို စစ်တွေမြို့မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ရုံးနဲ့ ရန်ကုန်မြို့မှာရှိတဲ့ ဘင်္ဂလားဒေ့ရှ် သံရုံးတွေမှ တာဝန်ရှိပုဂ္ဂိုလ်တွေကကောင်စစ်တွေ့ဆုံမှုတွေ ပြုလုပ် နိုင်ဖို့ ဘင်္ဂလားဒေ့ရှ်ဘက်မှ မေလ ၂၃ ရက်နေ့က မေတ္တာရပ်ခံခဲ့တဲ့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက အဲဒီနေ့မှာပဲ နေ့ချင်းခွင့်ပြုခဲ့ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနက သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ကြိုတင်ညှိနှိုင်းမှုတွေ ပြုလုပ်ပေးထားပြီးတော့ မေလ ၂၅ ရက်နေ့(ဒီနေ့)မှာပဲ သွားရောက် တွေ့ဆုံမှုတွေ ပြုလုပ်မယ်လို့ သိရပါတယ်။

**မေး ။ ဒေသတွင်းမှာလည်း ဘယ်လိုဖြစ်ပေါ်တိုးတက်မှုရှိတယ်ဆိုတာသိရှိလိုပါတယ်။**

ဖြေ ။ ဒေသတွင်းအနေနဲ့ ဆောင်ရွက်ချက်တစ်ရပ်ကတော့ ဒီလှေစီးဒုက္ခသည်တွေ ဦးတည်ရာနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ မလေးရှားနဲ့ထိုင်းနိုင်ငံတွေနဲ့ မေလ ၂၀ရက်နေ့မှာ မလေးရှားနိုင်ငံပူထရာဂျားရားမှာ တွေ့ဆုံပြီးဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးချက်တွေအရအင်ဒိုနီးရှားနဲ့မလေးရှားနိုင်ငံတွေက သူတို့နိုင်ငံတွေရဲ့အနီး ပင်လယ်ပြင်မှာ ရောက်ရှိနေတဲ့ လှေစီးဒုက္ခသည်တွေကို မူရင်းနိုင်ငံ ဒါမှမဟုတ် တတိယနိုင်ငံကို ပို့ဆောင်ရေးတွေ နိုင်ငံတကာအသိုက်အဝန်းကဆောင်ရွက်သွားမယ်ဆိုရင် တစ်နှစ် ယာယီလက်ခံကယ်ဆယ်ထားမယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။ ထိုင်းနိုင်ငံကတော့ ပြည်တွင်းဥပဒေတွေအရ ဒီလိုယာယီလက်ခံဖို့ မဖြစ်နိုင်ဘူးလို့ ကြားသိရပါတယ်။

**မေး ။ အခုလို မြန်မာ့မြေပေါ်ရောက်ရှိနေတာနဲ့ ပတ်သက်ပြီး ရှေ့အလားအလာတွေကိုလည်း သိချင်ပါတယ်။**

ဖြေ ။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးအချက်(၃) ချက်နဲ့ ပြန်လည်ဖြေကြားလိုပါတယ်။

ပထမအချက်ကတော့ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတကာအသိုက်အဝန်းထဲမှာ တာဝန်သိသိနဲ့ ရပ်တည်နေတဲ့နိုင်ငံဖြစ်တဲ့အတွက် ပင်လယ်ပြင်မှာ ဒုက္ခရောက်နေသူတွေကို ကယ်တင်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဒီလိုကယ်တင်ခဲ့ခြင်းဟာလည်း လူသားချင်း စာနာထောက်ထားမှု ပြုလုပ်တဲ့အနေနဲ့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံတကာ စာချုပ်စာတမ်းများမှာလည်း ဒီလိုဆောင်ရွက်ဖို့ ပြဋ္ဌာန်းချက်တွေရှိပါတယ်။ ဥပမာအနေနဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂရဲ့ပင်လယ်ပြင်ဥပဒေဆိုင်ရာကွန်ဗင်းရှင်း (United Nations Convention on the Law of the Sea- UNCLOS) စာချုပ်ဝင်နိုင်ငံဖြစ်ပြီးတော့ဒီစာချုပ်ရဲ့ ပြဋ္ဌာန်းချက်အမှတ် (၉၈)မှာ ဆိုရင် ပင်လယ်ပြင်မှာရှာဖွေ ကယ်ဆယ်မှုတွေ ပြုလုပ်ဖို့ လိုအပ်ကြောင်းကို ပြဋ္ဌာန်းထားပါတယ်။ မြန်မာနိုင်ငံဟာ အချို့သော နိုင်ငံတကာစာချုပ်စာတမ်းများမှာ မပါဝင်နိုင်သေးသည့်တိုင် ဒီစာချုပ်များရဲ့ ရည်မှန်းချက်အတိုင်းကူညီစောင့်ရှောက်မှုတွေ ပြုလုပ်ပေးဖို့ ကျင့်ဝတ်ပိုင်းဆိုင်ရာ ဝတ္တရား(Moral Obligation) ရှိပါတယ်။

ဒုတိယအချက်ကတော့ ဒီလိုစောင့်ရှောက်မှုတွေ ပေးထားခြင်းဟာ ယာယီလက်ခံထားခြင်းသာဖြစ်ပါတယ်။ အမြဲတမ်းလက်ခံထားဖို့လုံးဝမရှိပါဘူး။

တတိယအချက်ကတော့ နိုင်ငံတကာလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ဖွယ်ရှိတာတွေကို နှစ်နိုင်ငံညှိနှိုင်းပြီးတော့ အမြန်ဆုံးဆောင်ရွက်ပြီး ဒုက္ခသည်တွေကို အမြန်ဆုံးပင်ရင်းနိုင်ငံကို ပြန်လည်ပို့ဆောင်နိုင်ဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိတာကို ရှင်းရှင်းလင်းလင်း အသိပေးလိုပါတယ်။

**မေး ။ ဒီဖြစ်စဉ်များအပေါ်မှာ ဘာများဖြည့်စွက် ပြောချင်ပါသေးလဲ။**

ဖြေ ။ ဒီသတင်းတွေမထွက်ပေါ်လာခင် အရင်ကလည်း ဒေသတွင်းမှာ လှေစီးထွက်ခွာသူတွေဟာ မြန်မာနိုင်ငံရခိုင်ပြည်နယ်ဘက်က ဖြစ်တယ်လို့ စွပ်စွဲပြောဆိုမှုများရှိပါတယ်။ သို့သော်လည်း ဒီရက်များအတွင်း ထွက်ပေါ်လာတဲ့ သတင်းတွေအရ လှေစီးဒုက္ခသည်အများစုဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဖြစ်တယ်ဆိုတာ တစ်စတစ်စ ပိုမိုပေါ်လွင်လာခဲ့ပါတယ်။

ဥပမာအနေနဲ့ပင်လယ်ပြင်မှာရှိနေခဲ့တဲ့ လှေစီးဒုက္ခသည် ၇၀၀၀ ခန့်လောက် ရှိတဲ့အထဲက အများစုဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက တရားမဝင်အလုပ်သမားတွေ ဖြစ်တယ်။ နိုင်ငံရေးခိုလှုံခွင့်တောင်းတဲ့ ဒုက္ခသည်တွေမဟုတ်ဘူးလို့ အင်ဒိုနီးရှားတာဝန်ရှိသူတွေက ပြောကြားခဲ့တာကို ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးက ရည်ညွှန်းပြီး The Weekend Australian သတင်းစာကို မေလ ၂၃ ရက်နေ့က ပြောကြားခဲ့ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံမှာဖိနှိပ်ချုပ်ချယ်မှုတွေရှိတဲ့အတွက် လှေစီးထွက်ပြေးနေရတာတွေ အများအပြားရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေ မဟုတ်မှန်တာထင်ရှားပါတယ်။ ဒေသတွင်း တခြားနိုင်ငံတစ်ခုက ဘဝတိုးတက်မှုနဲ့ စီးပွားရေးအခွင့်အလမ်းအတွက် တရားမဝင်ထွက်ခွာသူတွေသာ အများစုဖြစ်တယ်ဆိုတာဒေသတွင်း နိုင်ငံတွေကလည်း ပိုမိုသိရှိလာပြီဖြစ်ပါတယ်။ လှေစီးဒုက္ခသည်အများစုက မြန်မာနိုင်ငံကမဟုတ်တာကိုလည်း ကုလသမဂ္ဂအဖွဲ့အစည်းတွေက တစ်စတစ်စ နားလည်သဘောပေါက်လာပါတယ်။ ဒီလိုတရားမဝင် ထွက်ခွာမှုတွေဟာ ဒေသတွင်းလူမှောင်ခိုမှုပြုလုပ်နေကြသူတွေနဲ့ အဲဒီဂိုဏ်းတွေကြောင့် ဖြစ်တယ်ဆိုတာလည်း တစ်စတစ်စ ပိုမိုပေါ်လွင်လာပါတယ်။ ဒါကြောင့် လူမှောင်ခိုကူးမှု၊ လူကုန်ကူးမှုနဲ့ ဆက်စပ်ဖြစ်ပွားနေတဲ့ နိုင်ငံဖြတ်ကျော်မှုခင်းတွေကို တားဆီးနှိမ်နင်းဖို့ ဒေသတွင်းနိုင်ငံတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေအနေနဲ့ ဝိုင်းဝန်းအဖြေရှာသင့်ပါတယ်။

**မေး/ရေး-ဟန်နီဝင်း(သတင်းစဉ်)**
**ဓာတ်ပုံ-ကောင်းထက်**

■ ရှေ့ဖုံးမှ

အဆိုပါ လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများသည် အလုပ်အကိုင်အခွင့်အလမ်းရှာဖွေရန်အတွက် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံများသို့ သွားရောက်ရန် ရည်ရွယ်ချက်ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမြန်ဆုံး ပြန်လည်သွားရောက်ရန်သာ ဆန္ဒရှိနေကြောင်း စိစစ်ချက်များအရ သိရသည်။

ထိုလှေစီးဒုက္ခသည်များအား ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုများပြုလုပ်နိုင်ရန် မေ ၂၃ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မေတ္တာရပ်ခံချက်အပေါ် ၎င်းရက်၌ပင် ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးသို့ ခွင့်ပြုခဲ့ပြီးဖြစ်၍ စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ရုံးမှ တာဝန်ရှိသူများသည် မေ ၂၅ ရက်တွင် အဆိုပါ လှေစီးဒုက္ခသည်များရှိရာ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွဲဖက်ပြီး ကောင်စစ်တွေ့ဆုံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းသည် မေ ၂၄ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လှေစီးဒုက္ခသည်များအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမြန်ဆုံး ပြန်လည်ခေါ်ယူနိုင်ရန် ပြောကြားခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း အဆိုပါ လှေစီးဒုက္ခသည် ၂၀၀ ခန့်အား သွားရောက်ပြီး ကောင်စစ်ဆိုင်ရာ တွေ့ဆုံမှုပြုလုပ်နိုင်ရန် ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ်သံရုံးနှင့် စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ချုပ်ရုံးမှ အရာရှိခြောက်ဦးပါဝင်သော ပူးပေါင်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနမှလည်း ခွင့်ပြုချက်ရပြီးဖြစ်ကြောင်း၊ လုပ်ငန်းစဉ်အတိုင်း ကယ်ဆယ်ထားသူများအား တွေ့ဆုံမေးမြန်း၍ စိစစ်မှုများပြုလုပ်ပြီးနောက် ပြန်လည်ခေါ်ယူရေးလုပ်ငန်းများကို အမြန်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် လှေစီးဒုက္ခသည်များအား လူသားချင်းစာနာထောက်ထားမှု ရှုထောင့်အရ ယာယီလက်ခံထားခြင်းသာဖြစ်ပြီး ၎င်းတို့၏ ပင်ရင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ဈေးကွက်ထဲ ထိုးဖောက်ဝင်ရောက်လာမည့် ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များ

ဝရဇိန်

ဟန္နိုင်း မေ ၂၅

ဟိုချီမင်စီးတီးအနေဖြင့် ၎င်း၏ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာ့ဈေးကွက်ကိုလွယ်ကူစွာ ထိုးဖောက်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် ကုန်သွယ်ရေး မြှင့်တင်မှုများစွာ လုပ်ဆောင်နေချိန်တွင် ဗီယက်နမ်-မြန်မာကုန်သွယ်ရေး၊ ဝန်ဆောင်မှုနှင့် ခရီးသွားလုပ်ငန်းပြပွဲ ၂၀၁၅ (HCM City Expo 2015) ကို ရန်ကုန်မြို့၌ ကျင်းပလျက်ရှိရာ စားသောက်ကုန်များ၊ အဝတ်အထည် လူသုံးကုန်များ၊ ချည်မျှင်များ၊ အီလက်ထရွန်နစ်နှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ ရောင်းချသော ဗီယက်နမ် စီးပွားရေးအဖွဲ့အစည်း ၈၀ ခန့်က ၎င်းတို့၏ ပစ္စည်းများကို တင်ဆက်ပြသလျက်ရှိသည်။

ဟိုချီမင်စီးတီး ပြည်သူ့ကော်မတီဒုတိယဥက္ကဋ္ဌဖြစ်သူ ငုယင်သီဟောင်က ယခုကျင်းပသော ကုန်စည်ပြပွဲသည် ဗီယက်နမ် စီးပွားရေးလုပ်ငန်းများနှင့် မြန်မာဖောက်သည်များ အကြား ထိရောက်စွာ ပေါင်းကူးပေးနိုင်သည့်ပြပွဲတစ်ရပ်ဖြစ်ကြောင်း၊ ထို့အတူ နှစ်နိုင်ငံကြားရှိ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း သတင်းဖလှယ်ခြင်းနှင့် လုပ်ငန်းအခွင့်အလမ်းသစ်များ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာ့ဈေးကွက်ကို ဝင်ရောက်နိုင်ရန် ၎င်းနှင့်အတူ ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များ မန္တလေးမြို့ရှိ အဖွဲ့အစည်းများစွာနှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မန္တလေးမြို့ရှိ စူပါမားကတ်များနှင့် လက်ကားဆိုင်များကိုလည်း ကြည့်ရှုခဲ့ကြကြောင်း၊ ဗီယက်နမ်ကုမ္ပဏီများသည် ဆောက်လုပ်ရေးပစ္စည်း၊ ဆေးဝါးများ၊ ဓာတ်မြေဩဇာ၊ အိမ်သုံးပစ္စည်းများအပြင် အိုင်တီကဏ္ဍတွင်လည်း ဝန်ဆောင်မှု တင်သွင်းရေးကို မြှင့်တင်နိုင်ခဲ့ကြောင်း ပြောကြားသည်။

မြန်မာဈေးကွက်သည် ဗီယက်နမ်ကုမ္ပဏီများအတွက် အလားအလာကောင်းသော်လည်း အာဆီယံနိုင်ငံများမှလာသော ကုန်ပစ္စည်းများ ဒေသထွက်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်၍ စိန်ခေါ်မှုများရှိနေပါကြောင်း၊ တရုတ်၊ ထိုင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဗီယက်နမ်အနေဖြင့် မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုပိုင်းတွင် ရင်းနှီးမြှုပ်နှံပါက အကောင်းဆုံးဖြစ်ကြောင်း၊ အထူးသဖြင့် ခရီးသွားလုပ်ငန်း၊ဆောက်လုပ်ရေးနှင့် စားသောက်ကုန်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံနိုင်ကြောင်း ငုယင်သီဟောင်က မှတ်ချက်ပြုခဲ့သည်။

VNS

*** ရှေ့ဖုံးမှ**

အလားတူ ၂၀၁၅ ခုနှစ် မေ ၂၆ ရက်တွင် ကျရောက်သော ဂျော်ဂျီယာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျော်ဂျီယာသမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာ အိုင်ရက်ကလီ ဂါရီ ဘာရှ်ဗီလီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။


**(မြန်မာ့အလင်း)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ကာတာနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၅**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်အား ရန်ကုန်မြို့ရှိ ကာတာနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei AL - Emadi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ညနေ ၃နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ကာကွယ်ရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးဗိုလ်ချုပ်ကျော်ညွှန့်၊ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် စန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## စတုတ္ထတန်းနှင့် အဋ္ဌမတန်း ကုစားစာမေးပွဲ အောင်စာရင်းထုတ်ပြန်

**မုဒုံ မေ ၂၅**

မွန်ပြည်နယ် မုဒုံမြို့နယ် အခြေခံပညာ မူလတန်း စတုတ္ထတန်းနှင့် အခြေခံပညာအလယ်တန်း အဋ္ဌမတန်းတို့အတွက် မေ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပခဲ့သော ပြန်လည်ကုစားစာမေးပွဲအောင်စာရင်းများကို မေ ၂၄ ရက် (တနင်္ဂနွေနေ့) တွင် ထုတ်ပြန်ခဲ့သည်။

အခြေခံပညာ မူလတန်း စတုတ္ထတန်း ပြန်လည်ကုစားစာမေးပွဲ စာဖြေဌာန ကိုးခုတွင် ဖြေဆိုသူ ၄၀၆ ဦးအနက် ၃၈၃ ဦး (၉၄ ဒသမ ၃၃ ရာခိုင်နှုန်း) အောင်မြင်သည်။

အခြေခံပညာအလယ်တန်း အဋ္ဌမတန်း ပြန်လည်ကုစားစာမေးပွဲ စာဖြေဌာန ခုနစ်ခုတွင် ဖြေဆိုသူ ၂၀၉ ဦးအနက် ၁၈၃ ဦး (၈၇ ဒသမ ၅၆ ရာခိုင်နှုန်း) အောင်မြင်သည်။

ပြန်လည်ကုစားစာမေးပွဲဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအတွက် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဆရာဆရာမများက ဖြေဆိုရမည့် ဘာသာရပ်အလိုက် ပြန်လည်သင်ကြားလမ်းညွှန်ပေးခြင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးခြင်းတို့ကြောင့် ပြန်လည်ကုစားစာမေးပွဲတွင် ရာနှုန်းပြည့်နီးပါး ဖြေဆိုအောင်မြင်ကြကြောင်း သိရသည်။

**ကိုချစ် (မုဒုံ)**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

# လူမှောင်ခို ရာဇဝတ်ဂိုဏ်းများ၏ သားကောင်များဖြစ်ခဲ့ရသည့် ပင်လယ်တွင်းလှေစီးဒုက္ခသည်များ၏ ရင်တွင်းစကားသံများ



မိဇာဒ်ရော်ဟာမန်



မိုဟာမက်အီမီရာဟာဆင်



မိုဟာမက်မိုဇာဆဲလ်ဟူဆန်



မူဟာမက်မိုဘီနော်ဟောက်



နိုရိအာဆာ

တရားမဝင် ရွှေ့ပြောင်းသွားလာမှု၊ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို မြန်မာနိုင်ငံအနေဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်တွင် မြန်မာ့ပင်လယ်ပြင်၌ လူမှောင်ခို စက်လှေနှစ်စင်းနှင့်အတူ လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၈ ဦး လိုက်ပါလာကြောင်း ကနဦး စိစစ်တွေ့ရှိရသည်။

မြန်မာနိုင်ငံသည် လှေစီးဒုက္ခသည်များအား လူသားချင်းစာနာထောက်ထားမှု ရှုထောင့်အရ ရခိုင်ပြည်နယ် မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာ ယာယီကယ်ဆယ်ရေးစခန်းတွင် ယာယီလက်ခံထားပြီး ၎င်းတို့၏ ပင်ရင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ပို့ဆောင် နိုင်ရန် နှစ်နိုင်ငံ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုလှေစီးဒုက္ခသည်များအား မေးမြန်းစိစစ်ရာ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုများကို စီးပွားရေးလုပ်ငန်းကြီးတစ်ရပ်ကဲ့သို့ ပြုလုပ်နေသည့် နိုင်ငံတကာရာဇဝတ်ဂိုဏ်းများ၏ သားကောင်များသဖွယ် ဖြစ်ခဲ့ရကြောင်း သိရှိရသည်။

အဆိုပါ လှေစီးဒုက္ခသည်အချို့၏ တွေ့ဆုံမေးမြန်းချက် ဖြစ်ရပ်မှန်များနှင့် ရင်တွင်းစကားသံများကို ရေးသားတင်ပြလိုက်ရပါသည်။

**မိဇာဒ်ရော်ဟာမန်**
**နော်ဘော်နီယာကျေးရွာ၊**
**ဖာလင်ခါလီမြို့၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ကျွန်တော် အိုခိယားမြို့ ပင်လယ်ကမ်းခြေ သားပေါက်စခန်းမှာ လျှပ်စစ်ပြင်လုပ်ငန်း လုပ်ကိုင်ပါတယ်။ စခန်းကနေ အိမ်အပြန်လမ်းမှာ သူငယ်ချင်းက စက်လှေပေါ်မှာ အလုပ်လုပ်ရင် တစ်နေ့ ဘင်္ဂလားငွေ နှစ်ထောင်ကျော်ရမယ်ဆိုပြီး ခေါ်သွားခြင်းခံရပါတယ်။ စက်လှေအသေးနဲ့ပင်လယ်ပြင်ထဲမှာရှစ်နာရီနီးပါးကြာအောင်မောင်းပြီးမှ စက်လှေ အကြီးထဲကို ပို့ခြင်းခံရပါတယ်။ စက်လှေပေါ်ရောက်တဲ့အခါ မင်းတို့ပြန်ဖို့မစဉ်းစားနဲ့ မလေးရှားကိုခေါ်သွားမယ်လို့ပြောပါတယ်။ တစ်လလောက် ကျော်တဲ့အခါ ကျွန်တော်တို့ စက်လှေကြီးပေါ်ကို ဘင်္ဂလားဒေ့ရှ်က လူတွေ တဖြည်းဖြည်းနဲ့ရောက်လာလို့ ရိက္ခာမလုံလောက်ခဲ့ပါဘူး။ ကျွန်တော်တို့ကို ရိုက်နှက်ပြီး စက်လှေဝမ်းထဲအတင်းသွားခိုင်းခဲ့ပါတယ်။ အိမ်ကိုလည်း အဆက်အသွယ်မရတော့ပါဘူး။ နောက် မြန်မာရေတပ်နဲ့တွေ့ပြီး စားသောက်ဖွယ်ရာတွေပေးပါတယ်။ ဒီစခန်းကို ရောက်လာတော့ အဝတ်အထည်တွေ ရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကျန်ခဲ့တဲ့ အဖေနဲ့ အမေကို သတိရနေမိပါတယ်။ ကျွန်တော့်ဇာတိ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို အမြန်ဆုံး ပြန်ချင်ပါတယ်။

**မိုဟာမက်အီမီရာဟာဆင်**
**အေဒီယာမာဖာယာကျေးရွာ၊**
**ကော့ဘဇားမြို့၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ကျွန်တော့်မှာ မောင်နှမ ကိုးယောက်ရှိပါတယ်။ ကော့ဘဇားမြို့ ပင်လယ်ကမ်းခြေမှာ ရေချိုးပြီး အပြန် လူတစ်ဦးကခေါ်သွားပြီးတောထဲက တဲတစ်တဲမှာထားပါတယ်။ နောက်ထပ် လေးဦးရောက်လာပြီး စူနာပါရာကျေးရွာ အနီးက စက်လှေပေါ် တင်ခြင်းခံရပါတယ်။ လေးနာရီနီးပါးကြာအောင် စက်လှေကို မောင်းပြီး စက်လှေအကြီးပေါ်ကို တင်ခံရပါတယ်။ မှတ်မှတ်ရရ လှေပေါ်ရောက်တာ ၃ လပိုင်း ၁၈ ရက်နေ့ပါပဲ၊ လှေပေါ်မှာ ဒုက္ခမျိုးစုံခံစားခဲ့ရပါတယ်။ ဘင်္ဂလားဒေ့ရှ်မှာကျန်နေတဲ့ အဖေ၊ အမေ၊ မောင်နှမတွေနဲ့ အမြန်ဆုံး တွေ့ချင်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အမြန်ဆုံးပြန်လာခေါ်စေချင်ပါတယ်။

**ရေဝါန်**
**ဘော်ဘာနီဟူကျေးရွာ၊ ကိုမီလာမြို့၊**
**ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ကျွန်တော်အရင်က ငါးသလောက်လှေတွေမှာ ဘင်္ဂလားငွေ တစ်နေ့ တစ်ထောင်နဲ့ အလုပ်လုပ်ပါတယ်။ နောက်လှေတစ်စင်းက တစ်နေ့ နှစ်ထောင်ပေးမယ်ဆိုပြီး ခေါ်သွားပါတယ်။ ပင်လယ်ထဲမှာ ရှစ်နာရီကြာအောင်မောင်းပြီး ဓားတွေ၊ တုတ်တွေနဲ့ စက်လှေကြီးပေါ် တက်ခိုင်းပါတယ်။ သူတို့က ဘင်္ဂလား- မြန်မာ ရေနယ်စပ်ရောက်တဲ့အခါ ရေတပ်လာတယ်ဆိုပြီး စက်လှေဝမ်းထဲကို အတင်းဆင်းခိုင်းပါတယ်။ ဒီစခန်းကိုရောက်တော့ ကျွန်တော်ဝမ်းသာတယ်။ ကျွန်တော်ဘင်္ဂလားက အိမ်ကို အမြန်ဆုံးပြန်ချင်တယ်။

**မူဟာမက်မိုဘီနော်ဟောက်**
**မာလ်ဖာရာကျေးရွာ၊ အိုဂီယမြို့၊**
**ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

သူငယ်ချင်းက နေ့လယ်ပိုင်းမှာ လက်ဖက်ရည်သောက်မယ်လို့ခေါ်သွားပြီး ညနေပိုင်းရောက်တော့ လူသုံးဦးက ကျွန်တော့်ကို စက်လှေပေါ်ကို ခေါ်သွားပါတယ်။ အဲဒါမှ ကျွန်တော့်ကို သူငယ်ချင်းက ဘင်္ဂလားငွေ နှစ်သောင်းနဲ့ ရောင်းစားသွားတယ်ဆိုတာ သိရပါတယ်။ ရွာမှာ ကျန်ခဲ့တဲ့ ကျွန်တော့်အဖေက မျက်မမြင်ပါ။ စက်လှေမောင်းတဲ့သူက ထိုင်းကမ်းခြေမှာ အခြေအနေမကောင်းဘူး။ မင်းတို့ကို ဘင်္ဂလားပြန်ပို့မယ်လို့ပြောပါတယ်။ ပြန်ချင်ရင် ဘင်္ဂလားငွေ ငါးသောင်းပေးရမယ်လို့ပြောပါတယ်။ အခုဒီစခန်းကိုရောက်ပါတယ်။ ကျွန်တော် အဖေနဲ့ အမြန်ဆုံးတွေ့ချင်ပါတယ်။ ဘင်္ဂလားက အမြန်ဆုံးလာခေါ်ဖို့ပြောချင်ပါတယ်။

**နိုရိအာဆာ**
**ရာဇာကိုဒေဟင်ဖာယာကျေးရွာ၊**
**ကော့ဘဇားခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ကျွန်တော်က ရွာမှာစက်ချုပ်လုပ်ငန်းအကူအဖြစ် လုပ်ပါတယ်။ တစ်နေ့ကို ငါးရာရပါတယ်။ သူငယ်ချင်းက အလည်သွားမယ်ဆိုပြီး ကျွန်တော့်နှာခေါင်းပေါ် ပဝါတင်လိုက်တဲ့အခါ ကျွန်တော်ဘာမှ မသိတော့ပါဘူး။ ကျွန်တော်သတိရတဲ့အခါ ပင်လယ်ထဲက စက်လှေပေါ်ရောက်နေတာ သိရပါတယ်။ ပင်လယ်ထဲမှာ ရှစ်နာရီကြာ စက်လှေမောင်းပြီး စက်လှေ အကြီးပေါ်ရောက်လာပါတယ်။ အသက်မသေရုံစားသောက်ခဲ့ရပါတယ်။ မိဘဆွေမျိုးတွေနဲ့ ကွဲတာကြာတော့ အမြန်ဆုံးပြန်တွေ့ချင်ပါတယ်။ မြန်မာအစိုးရရဲ့အကူအညီနဲ့ ဘင်္ဂလားဒေ့ရှ်ကို ပြန်ချင်ပါတယ်။

**မိုဟာမက်မိုဇာဆဲလ်ဟူဆန်**
**အူဂျော်ဖူလ်ကျေးရွာ၊**
**ဖုလ်အာကော်တီဘာရီမြို့၊ စူဝါတန်ကာခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

ကျွန်တော့်မှာ မောင်နှမခုနစ်ယောက်ရှိပါတယ်။ ကျွန်တော် ကော့ဘဇား ပင်လယ်ကမ်းခြေကို အလည်လာပါတယ်။ တည်းခိုခန်းမှာ တည်းခိုမလားဆိုပြီး ကျွန်တော့်ကို လူနှစ်ဦးက စက်လှေပေါ်ကို တုတ်နဲ့ရိုက်ပြီးတင်ပါတယ်။ စက်လှေပေါ် ရောက်တဲ့အခါ စက်လှေမောင်းသူက မင်းကို ဝယ်ထားတယ်လို့ပြောပါတယ်။ စက်လှေပေါ်က လူပွဲစားက ထိုင်းကိုပို့မယ်လို့ ပြောပါတယ်။ ထိုင်းကမ်းခြေမှာ အခြေအနေမကောင်းလို့ ဘင်္ဂလားကို ပြန်ပို့မယ်လို့ပြောပါတယ်။ ငွေ ငါးသောင်းပေးရမယ်လို့လည်း ပြောပါတယ်။ ဘင်္ဂလားမှာ ကျန်ခဲ့တဲ့ ကျွန်တော့်သားလေးကို သတိရတယ်။ ဖုန်းနဲ့အဆက်အသွယ်ရတုန်းက သားရဲ့ ပြန်လာတော့မလားဆိုတဲ့အသံကို ကြားနေမိတယ်။ ဘင်္ဂလားဒေ့ရှ်ကို အမြန်ဆုံးပြန်ချင်ပါတယ်။

**အမေး/အရေး**
**မင်းမင်းဇော်(သတင်းစဉ်)**

# ကျောင်းအပ်နှံရေးနေ့စတင် ကျောင်းသားတိုင်း ကျောင်းနေနိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်ဖော်ဆောင်



**ရန်ကုန် မေ ၂၅**

ဇွန် ၁ ရက်တွင် နိုင်ငံအဝန်းရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်တော့မည်ဖြစ်သည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်၏ ကျောင်းဖွင့်ရာသီတွင် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကို ယနေ့ မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးကို ရည်ရွယ်ကာ ယခင်က မူလတန်းနှင့် အလယ်တန်းကို အခမဲ့ပညာရေးစနစ် သတ်မှတ်ခဲ့ပြီး ယခုအခါ အခြေခံပညာအထက်တန်းကိုပါ အခမဲ့ပညာရေးစနစ် သတ်မှတ်ခဲ့သည်။ ကျောင်းအပ်နှံရေး လှုပ်ရှားဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆရာမများနှင့် မိဘများအား တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြလိုက်ပါသည်။

**အမေး အရေး**
**ဓာတ်ပုံ-ဥမ္မာသန့်**

**ဒေါ်ခင်ခင်ကျော်(အ·ထ·က(၄) ပုဇွန်တောင်၊ ကျောင်းအုပ်ဆရာမကြီး)**

ကျွန်မတို့ကျောင်းက ဇွန် ၁ ရက် ကျောင်းမဖွင့်ခင်ကတည်းက ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။ ကျောင်းအဆောက်အအုံတွေကို မိုးလုံအောင် အမိုးတွေလဲတယ်။ ရေအိမ်တွေပြုပြင်တယ်။ ကလေးတွေ ရေကောင်းစွာ သောက်သုံးနိုင်ဖို့ ရေသန့်စက်တွေ ပြုပြင်တယ်။ ခုံကျိုး၊ ခုံပဲ့တွေကိုလည်း အကုန်လုံးပြန်လည်ပြုပြင်ပြီး ကျောင်းဖွင့်ရာသီကလေးတွေ ကောင်းစွာပညာသင်ကြားနိုင်အောင် စီစဉ်ထားပါတယ်။ ကျောင်းအပ်နှံရေးနေ့ကို ဒီနေ့ကနေမှ မေ ၃၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ လက်ခံပါတယ်။ ၁ နာရီ နောက်ပိုင်းမှာတော့ ဆရာမတွေနဲ့ကျောင်းဖွင့်တဲ့အခါ လုပ်ဆောင်ရမယ့် လုပ်ဆောင်ချက်တွေကို အစည်းအဝေးနေ့တိုင်းလုပ်ပါတယ်။ အတန်းလိုက် တန်းခွဲလိုက် လုပ်ပါတယ်။ အခမဲ့ပညာရေးစနစ်ဖြစ်တဲ့အတွက် မူလတန်းပိုင်းကို ဖတ်စာအုပ်၊ ဗလာစာအုပ်ခြောက်အုပ်၊ ဝတ်စုံ အခမဲ့ပေးမှာပါ။ အလယ်တန်းနဲ့ အထက်တန်းကို ပုံနှိပ်စာအုပ်တွေ အခမဲ့ပေးမယ်။ ဘာငွေမှ ကောက်ခံခြင်းမရှိပါဘူး။ အခမဲ့ပညာရေးကို မနှစ်က အလယ်တန်းလုပ်တယ်။ ဒီနှစ် အထက်တန်းစတယ်။ ကျောင်းဖွင့်ရာသီမှာ ကျောင်းအပ်ရာမှာ ကြိုက်တဲ့ မြို့နယ်လာအပ်နိုင်ပါတယ်။ အခြေခံပညာဦးစီးဌာနက ချမှတ်ထားတဲ့ အတိုင်း ဆောင်ရွက်ပါတယ်။ ကျောင်းဖွင့်တာနဲ့စာသင်ကြားနိုင်အောင် ကျောင်းလာအပ်တဲ့ ကျောင်းသားတိုင်းဖတ်စာအုပ်တွေဝေထားပါတယ်။ စာသင်ချိန် အချိန်စာရင်းတွေကိုလည်း အဆင်သင့် လုပ်ထားပါတယ်။ အခုလို မူလတန်း၊ အလယ်တန်းတင်မက အထက်တန်းအဆင့်အထိပါ အခမဲ့ ပညာရေးစနစ်ဆောင်ရွက်ပေးတဲ့အတွက် ပညာတတ်တွေပိုပြီး များလာမယ်လို့ ထင်ပါတယ်။

**ဒေါ်သက်သက်ဝင်း (အလယ်တန်းပြဆရာမ)**

ဒီနှစ်မှာ အထက်တန်းအဆင့်ကိုပါ အခမဲ့ပညာသင်ကြားရတာဖြစ်တဲ့အတွက် ကျောင်းသားဦးရေများ လာမယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံတော်က အခမဲ့ပညာရေးစနစ်ကို ဖော်ဆောင်တဲ့အတွက် ကျောင်းသားတိုင်း ကျောင်းနေနိုင်ရေးအတွက် ပိုပြီး ထိရောက်ပါတယ်။ ကျောင်းအပ်ရာမှာလည်း ဖောင်ကလည်းအခမဲ့ အလယ်တန်းဖတ်စာ စာအုပ်တွေကလည်း အခမဲ့ ပေးတဲ့အတွက် မိဘတွေကော ကလေးတွေပါ ကျေနပ်ကြတယ်။ မိဘတွေကလည်း ကျောင်းအပ်ရမှာ ကုန်ကျစရိတ်မရှိတဲ့အတွက် ဝမ်းသာအားရ ပျော်ရွှင်စွာ ကျောင်းအပ်သွားကြပါတယ်။

**ဒေါ်ဥမ္မာထွန်း(ကျောင်းသားမိဘ)**

ကျွန်မသားနဲ့သမီးက ပုဇွန်တောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းတက်နေပါတယ်။ ကလေးတွေက အလယ်တန်း၊ မူလတန်းမှာ ပညာသင်ကြားနေပါတယ်။ နှစ်ဦးစလုံးကို အခမဲ့ပညာရေးအတွက် ကုန်ကျစရိတ် မရှိပါဘူး။ ဒါကြောင့် ကျောင်းနေအရွယ်ကလေးတွေအတွက် မိဘတွေက ကျောင်းအပ်ရင် ကုန်ကျစရိတ် မရှိတော့ဘူး။ မူလတန်း သမီးနဲ့ အလယ်တန်းသားအတွက်ဖတ်စာအုပ်တွေရမယ်။ မူလတန်းအတွက်က ဗလာစာအုပ်နဲ့ ကျောင်းဝတ်စုံကို ကျောင်းဖွင့်ရင်ပေးမယ်လို့ ပြောပါတယ်။ သူတို့လေးတွေ တစ်နှစ်တစ်တန်းအောင်ဖို့ ကလေးတွေကို ပညာတတ်ဖြစ်ဖို့အတွက် ရှုန်းကန်ရတာပါ။ ဆရာ၊ မိဘနဲ့ ကျောင်းသားပါ ကြိုးစားရတာပါ။ နိုင်ငံတော်အနေနဲ့ အခမဲ့ပညာရေးစနစ်ဆိုတော့ ဝမ်းသာပါတယ်။ ကျေးဇူးတင်ပါတယ်။

ပညာရေးကဏ္ဍတွင် အခြေခံနှင့် အဆင့်မြင့်ပညာရေး ကဏ္ဍဟူ၍ နှစ်ပိုင်းရှိပြီး အခြေခံပညာရေးကဏ္ဍ၌ ကျောင်းစတင်ဖွင့်လှစ်ချိန်တွင် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရန် အဘက်ဘက်မှ ဆောင်ရွက်နေခြင်းဖြင့် ကျောင်းနေသူပိုမိုများပြားလာနိုင်အောင် အားပေးနေခြင်းဖြစ်ကြောင်း သိရသည်။



# အမြန်လမ်းမကြီးတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မေ ၂၅**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ ရန်ကုန်-နေပြည်တော် လမ်းအပိုင်းနှင့် နေပြည်တော်- စကားအင်းလမ်းအပိုင်းတို့ရှိ အမြန်လမ်းမကြီးတစ်လျှောက်ကို အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

အမြန်လမ်းမကြီး၏ နှစ်လမ်းသွား လမ်းအလယ်၌ ယာဉ်ကြောရေးဆွဲထားသော အဖြူရောင်မျဉ်းပြတ်စည်းပေါ်၌ တပ်ဆင်ထားသည့် (Cat Eye) ရောင်ပြန်မီးကျောက်တုံးများကို အမြန်လမ်းမကြီးတစ်လျှောက် ၃၆၆ / ၃ မိုင် (အသွားလမ်း/အပြန်လမ်း)နှစ်ဖက်၌ စုစုပေါင်း ၁၁၇၀၀၀ ကျော်တပ်ဆင်ထားခဲ့ပြီး ယင်းမီးကျောက်တုံး (Cat Eye) အချို့သည် နှစ်ကာလကြာမြင့်စွာ အသုံးပြုထားပြီးဖြစ်သဖြင့် ပျက်စီးယိုယွင်းမှုများ ရှိလာသောကြောင့် အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ လမ်းအပိုင်းလိုက် တာဝန်ခံ အင်ဂျင်နီယာများက မိမိလမ်းပိုင်းကို အပတ်စဉ်စစ်ဆေးပြီး ချောင်နေပါက ကျပ်ခြင်း၊ အသစ်လဲလှယ်တပ်ခြင်း၊ အသစ်လဲလှယ်နိုင်ခြင်း မရှိသေးပါက ဖြုတ်သိမ်းခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

လက်ရှိ အမြန်လမ်းမကြီး တစ်လျှောက် ၃၆၆/ ၃ မိုင် (အသွားလမ်း/အပြန်လမ်း) နှစ်ဖက်ကို ပျမ်းမျှ ၁၅ မိုင်လျှင် (အသွားလမ်း/အပြန်လမ်း)အတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကွင်းအင်ဂျင်နီယာ တစ်ဦးစီအား တာဝန်ပေးအပ်ထားပြီး စနစ်တကျပြင်/ထိန်း လုပ်သားများ၊ အင်ဂျင်နီယာအကူများဖြင့် စခန်းရုံးဖွဲ့စည်း၍ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း ကျန်ရှိနေမှုများ ထပ်မံပျက်စီးမှုများရှိနေနိုင်သောကြောင့် လူမှုကွန်ရက်စာမျက်နှာမှ ထောက်ပြအကြံပြုမှုကို ကျေးဇူးတင်ရှိပါကြောင်း အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့မှ သိရသည်။

ထို့အပြင် ယခုကဲ့သို့ ခရီးသွားပြည်သူများ၏ အမြန်လမ်းမကြီးနှင့် ပတ်သက်၍ အကြံပြုချက်များကို လက်ခံကြိုဆိုလျက်ရှိပြီး အကြံပြုချက်တင်ပြလိုပါက အကြံပြုလိုသည့် လမ်းအပိုင်း မိုင်တိုင်တည်နေရာကို ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံထားကြောင်း အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ မေ ၂၅ ရက် က ထုတ်ပြန်ထားသည်။

**တင်လှမောင်**



# ငွေကျပ် ၂၀၀ တန်ထီ ဇွန် ၁ ရက်ဖွင့်မည်

**ရန်ကုန် မေ ၂၅**

(၁၁၇) ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဇွန် ၁ ရက် (တနင်္လာနေ့) နံနက် ၈ နာရီမှ စတင်ကာ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ကျပ်သိန်း ၁၅၀၀ (၁) ဆု၊ ကျပ်သိန်း ၁၀၀၀ (၂) ဆု၊ ကျပ်သိန်း ၅၀၀ (၅)ဆု၊ ကျပ်သိန်း ၃၀၀ (၆)ဆု၊ ကျပ်သိန်း ၂၀၀ (၇) ဆု၊ ကျပ်သိန်း ၁၀၀ (၁၆) ဆု၊ ကျပ်သိန်း ၅၀ (၂၀)ဆု၊ ကျပ်သိန်း ၂၅ သိန်း(၂၀)ဆု၊ ကျပ် ၁၀ သိန်း (၄၈)ဆု၊ ကျပ် ၅ သိန်း (၅၆)ဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံးတူ ၁၀ ယူနစ်အတွက် ကျပ် ၃ သိန်း (၁၀၀) ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံးတူ ၁၀ ယူနစ်အတွက် ကျပ် ၂ သိန်း (၁၀၀၀) ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း (၃)လုံးတူ ၄ ယူနစ်အတွက် ကျပ် ၁ သိန်း (၄၀၀၀)ဆုနှင့် အက္ခရာနှင့် ရှေ့ဂဏန်း (၂)လုံးတူ ၃ ယူနစ်အတွက် ကျပ် ၅ သောင်း(၃၀၀၀၀)ဆု အပါအဝင် ဆုမဲပေါင်း ၃၅၂၈၀ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိုးလေဝသ အခြေအနေ**

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# မိဘ၊ ဆရာ၊ ကျောင်းသား သုံးပါးစုံလို့ ပျော်ကြသည်



**မန္တလေး မေ ၂၅**

သစ်လွင်တဲ့ ပြည်တွင်းဖြစ် ရယ်ဒီမိတ်ကျောင်းအင်္ကျီနဲ့ သားငယ်ကိုကြည့်ရင်း ပီတိဝေရသူက အောင်မြေသာစံမြို့နယ်မှ မတင်တင်မိုးပါ။ သားကြီးနဲ့ သမီးလတ်တို့ကို ပညာစုံအောင် မထားဖြစ်ခဲ့ပေမယ့် သားငယ်လေးမောင်ဖုန်းပြည့်စံကို အခမဲ့ပညာရေး အကူအညီနဲ့ ပညာတတ်ဖြစ်စေချင်ခဲ့သူမို့ ကျောင်းအုပ်ဆရာမကြီးက သားငယ်ကို ကျောင်းမှန်မှန်တက်ဖို့နဲ့ စာကြိုးစားဖို့ ဆုံးမနေတာကို သူပြောသည့်အလား ခေါင်းတညိတ်ညိတ်နဲ့ ကတိတွေပေးနေခဲ့တာ။

ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေးဆိုတဲ့ ဆောင်ပုဒ်အတိုင်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ် အခြေခံပညာ ကျောင်းအပ်နှံရေးကို မေ ၂၅ ရက်မှာ တစ်ပြည်လုံး အတိုင်းအတာနဲ့ စတင်လက်ခံပေးနေပါပြီ။

"ပထမဆုံး ကျောင်းအပ်လက်ခံတဲ့နေ့မှာ ကလေးတွေများနေပေမယ့် စနစ်တကျနဲ့ စိစစ်လက်ခံတယ်။ ဒီနှစ်ရဲ့ ထူးခြားချက်က မူလတန်းကလေးတွေအားလုံးကို ကျောင်းဝတ်စုံအခမဲ့ ပေးအပ်သွားမှာဖြစ်ပါတယ်။ ဖတ်စာအုပ်နဲ့ ဗလာစာအုပ်ခြောက်အုပ်စီကိုလည်း မူလတန်းကနေ အလယ်တန်းအထိ အားလုံးအခမဲ့ပေးအပ်ပြီး ကျောင်းအပ်နှံတဲ့ အခါမှာလည်း အားလုံး အခမဲ့ဖြစ်ပါတယ်"ဟု မန္တလေးမြို့ အောင်မြေသာစံ အမက (၁၂)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးက ပြောပြသည်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ အခမဲ့ပညာရေးစနစ်ကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ အခမဲ့မူလတန်းအနေနဲ့ သတ်မှတ်ပေးခဲ့သလို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ အလယ်တန်း ပညာသင်ယူခွင့်ကို ပေးအပ်နိုင်ခဲ့ပါပြီ။

အဆိုပါ ပံ့ပိုးမှုအစီအစဉ်ကို နိုင်ငံတစ်ဝန်းလုံးက မူလတန်းကျောင်းသား ငါးသန်းကျော်၊ အလယ်တန်းကျောင်းသား ၂ ဒသမ ၈ သန်းကျော် အကျိုးဝင်တဲ့အပြင် အခြေခံပညာ ကျောင်းတစ်ကျောင်းကို တစ်နှစ်စာပံ့ပိုးငွေအဖြစ် ငွေကျပ်ရှစ်သိန်းကနေ ၁၆ သိန်းအထိ ပေးအပ်မယ့်အစီအစဉ်ကို လာမယ့် ပညာသင်နှစ်က စတင်လို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရေးစနစ်များ အကြောင်းနှင့်ပတ်သက်၍ ရှင်းပြခဲ့သည်။

"အခုနောက်ပိုင်းမှာ ပုဂ္ဂလိကကျောင်းတွေပေါ်လာတာမို့ ကျောင်းတွေမှာ လူဦးရေလျော့နည်းလာတယ်။ ဆရာတို့ကျောင်းမှာတော့ လျော့နည်းသွားတာမရှိဘူး၊ အစဉ်အလာကောင်းခဲ့ပြီး မူလတန်းအခြေခံကို ပိုင်နိုင်အောင်သင်ကြားတဲ့အတွက် နှစ်စဉ်ကျောင်းအပ်နှံသူတွေ တိုးလာခဲ့တယ်"ဟု အမက(၁၇) အောင်မြေသာစံမြို့နယ်မှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမော်က ပြောကြားသည်။

ကျောင်းသားပေါင်း ၁၅၀၈ ဦးကို သင်ကြားပေးခဲ့ပြီး သူငယ်တန်းဝင်ရောက်သင်ကြားဖို့ လက်ခံလူဦးရေ ၄၀၀ သတ်မှတ်ထားသည်ကို အဆိုပါကျောင်း၌ မြင်တွေ့ရသည်။

"မြို့နယ်ထဲမှာတော့ ဆရာတို့ကျောင်းကို ကျောင်းသားမိဘတွေ ရွေးချယ်ကြတယ်။ အရင်က မြို့နယ်ကျော်ရင် လက်မခံပေးရဘူး၊ အခုနောက်ပိုင်းမှာ ပုဂ္ဂလိကကျောင်းတွေ တောင်သွားနေကြတာ၊အစိုးရကျောင်းတွေလည်း ကျောင်းသားမိဘတွေရဲ့ ရွေးချယ်မှုကို အလေးထားလက်ခံပေးလာကြတယ်။ ကျောင်းအပ်နှံဖို့ အသက်မပြည့်သေးတဲ့ သူငယ်တန်းကလေးတွေဆိုရင် တစ်လအလိုကို ကျောင်းအုပ်ဆရာကြီး၊ နှစ်လအလိုကို မြို့နယ်ပညာရေးမှူး သုံးလအလိုဆိုရင် ခရိုင်ပညာရေးမှူး စတဲ့သူတွေက ကလေးဉာဏ်ရည်၊ ဉာဏ်သွေးကို စိစစ်လက်ခံပေးနေတယ်"ဟု ဦးဝင်းမော်က ရှင်းပြသည်။

ကျောင်းရဲ့ ထူးခြားချက်က "သူငယ်တန်းကို လေးကြောင်းမျဉ်းစာအုပ်နဲ့ စတင်မသင်ကြားဘဲ နှစ်ကြောင်းမျဉ်းနဲ့ သင်ကြားပါတယ်။ ကလေးတွေကို ပထမတန်းမှသာ လေးကြောင်းမျဉ်း ပြန်သင်ကြားတယ်။ လက်ရေးနဲ့ အဆွဲအပင့်စတာတွေကို စနစ်ကျလို့ ကျောင်းအပ်သူတွေများရတယ်"ဟု ကျောင်းသားမိဘတစ်ဦးထံမှ သိရသည်။

နှစ်စဉ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ထားသည့်အတွက် မြို့နယ်အသီးသီးက အခြေခံပညာကျောင်းများ၌ အဖြူအစိမ်းရောင်တွေ လွှမ်းခြုံနေပါပြီ။

"ကလေးက ကျောင်းတက်ရတော့မှာမို့ ပျော်တယ်။ လူကြီးကလည်း ကျောင်းထားနိုင်ပြီမို့ ပီတိဖြစ်တယ်။ အခမဲ့ပညာရေး လုပ်ပေးတာတောင် ကျောင်းမထားဖြစ်ဘူးဆိုရင် မိဘတာဝန် အလွန်ပျက်ကွက်သွားတာမျိုး ဖြစ်မှာမို့လာထားဖြစ်တယ်။ အကြီးလေးနှစ်ယောက်ကလည်း သားငယ်လေးကျောင်းတက်ရင်ဝတ်ဖို့နဲ့ လိုအပ်တာတွေဖြည့်ပေးတာမို့ ဝမ်းနည်းဝမ်းသာကြီးတော့"ဟု မတင်တင်မိုးကပြောရင်း အလှူရှင်များက ပေးအပ်တဲ့ စာအုပ်၊ ခဲတံ၊ ကွန်ပါဘူးလေးတွေ ဆုပ်ကိုင်လို့ ကျောင်းဝင်းထဲက ထွက်ခွာသွားသည်။

**သတင်း**

**အောင်ရဲသွင်၊ ခင်ရတနာ**

**ဓာတ်ပုံ-မင်းထက်အောင်**

# ရှမ်းပြည်နယ်ထွက် လိုက်ချီးသီးများ ပြင်ဦးလွင်သို့ဝင်ရောက်

**ပြင်ဦးလွင် မေ ၂၅**

မေလတတိယပတ် တစ်ပတ်လုံး ပြင်ဦးလွင်၌ မိုးဖြိုင်ဖြိုင်ရွာသွန်းပြီးနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)ထွက် လိုက်ချီးသီးများ ဈေးကွက်အတွင်း နေရာယူဝင်ရောက်လာခဲ့သည်။ မြန်မာပြည် အလယ်ပိုင်းအခေါ် လေချျူသီးဟုလူသိများသည့် လိုက်ချီးသီးများသည် ပြင်ဦးလွင်ဒေသအပါအဝင် မြန်မာတစ်နိုင်ငံလုံးတွင် ပေါက်ရောက် သီးပွင့်လေ့ရှိသော်လည်း သီပေါနှင့် လားရှိုးမြို့တို့တွင် စောစီးစွာစတင်သီးပြီး ခူးဆွတ်ရောင်းချနေရပြီဖြစ်ကြောင်း သိရသည်။



နွေဦးရာသီမှ စတင်၍ ယနေ့ထိတိုင် ရောင်းချနေရဆဲ ရာသီပေါ်သရက်သီးများကို စားသုံးပြီးသည့် စားသုံးသူများအနေဖြင့် ပေါ်ဦး ပေါ်ဖျား လိုက်ချီးသီးများကို တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀၊ အတွဲသေးတစ်တွဲလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဝယ်ယူလျက်ရှိကြောင်း သိရသည်။

လိုက်ချီးသီးကိုစားသုံးလျှင် ဝမ်းပျက်ဝမ်းကိုက်ခြင်းစသည့် ဝမ်းရောဂါများ ဖြစ်ပွားတတ်သည်ဟု ပြောဆိုနေကြသော်လည်း တစ်လုံးစ နှစ်လုံးစ အနည်းငယ်မျှမစားဘဲ ထမင်းစားသောက်ပြီး အချိုပွဲအနေဖြင့် စားသုံးပေးပါက မည်သည့်ဘေးဥပဒ်မှ မဖြစ်ပေါ်ဘဲ အစာကြေရင်ချောင်ခြင်းနှင့် ဆီးမှန်ဝမ်းမှန်ခြင်းတို့ ဖြစ်နိုင်ကြောင်း နားလည်သူတို့၏ ပြောပြချက်အရ သိရသည်။

ယခုအခါ ပြင်ဦးလွင်ဒေသ၌ ရှမ်းပြည်နယ်ထွက် လိုက်ချီးသီးများကိုသာ ရောင်းဝယ်လျက်ရှိနေကြသော်လည်း မကြာမီ ထွက်ရှိလာမည့် ဒေသထွက်လိုက်ချီးသီးများ ဈေးကွက်အတွင်း ဝင်ရောက်လာပါက ဈေးနှုန်းကျဆင်းသွားမည်ဖြစ်ကြောင်း ရောင်းချသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**




# ကွန်ပျူတာသုံးမြန်မာယူနီကုတ်စနစ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး စည်းဝေး

**ရန်ကုန် မေ ၂၅**

ပညာရေးဝန်ကြီးဌာန မြန်မာစာနှင့် ဘာသာစကားပညာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများ၏ ကွန်ပျူတာသုံးမြန်မာယူနီကုတ်စနစ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာယူနီကုတ်စနစ်နှင့် ကိုက်ညီသော မြန်မာစာဖောင့်များနှင့် ကွန်ပျူတာစနစ်များ တွင်ကျယ်စွာအသုံးပြုနိုင်ရေးကို ဆွေးနွေးညှိနှိုင်းကြသည်။ အပြည်ပြည်ဆိုင်ရာ ISO စံသတ်မှတ်ရေးအဖွဲ့က မြန်မာအက္ခရာအသီးသီးအတွက် ယူနီကုတ်စံသတ်မှတ်ချက်များကို ချမှတ်ပေးပြီးဖြစ်ကာ မြန်မာစာနှင့် တိုင်းရင်းသားစာပေများအတွက် အပြည်ပြည်ဆိုင်ရာယူနီကုတ်ဇယားတွင် နေရာ ၁၈၀ ကျော် သတ်မှတ်ပေးအပ်ထားပြီးဖြစ်သည်။

သို့ဖြစ်၍ ကွန်ပျူတာသုံးမြန်မာစာစနစ်အတွက် လိုအပ်သောစံများ သတ်မှတ်နိုင်ရေး မြန်မာစာနှင့် တိုင်းရင်းသား ဘာသာစကားများ ပါဝင်လာနိုင်စေရေး၊ ဝန်ကြီးဌာန၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်သူများအကြား နိုင်ငံတကာအသိအမှတ်ပြုထားသောစံများကို တစ်ပြေးညီ လိုက်နာကျင့်သုံးလာနိုင်ရေးအတွက် သက်ဆိုင်သူများပါဝင်သည့် ညီလာခံကို ဆက်လက်ကျင်းပနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(ပညာရေး)**

# ငါးရစ်ငါးသန်ရာသီချိန်အတွင်း ငါး/ပုစွန်များ ဖမ်းဆီးခြင်းမပြုရန် သတိပေး

**မုံရွာ မေ ၂၅**

မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများသည် မိုးဖြိုင်ဖြိုင်ရွာသောကာလများဖြစ်ပြီး အဆိုပါကာလတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းအင်းအိုင်များမှ ဥများနှင့် ပြည့်ဝနေသော ငါးမကြီးများနှင့် မျိုးရည်များရွှဲနေသော ငါးထီးကြီးများသည် ဥများပေါက်ပွားရန်အတွက် နေရာရှာသည့် ငါးရစ်တက်ရာသီဖြစ်သဖြင့် အဆိုပါအချိန်တွင် အင်းဂရန်ကိုင်လုပ်ငန်းရှင်များနှင့် ရေလုပ်သားများအနေဖြင့် ငါးရစ်များကို ဖမ်းဆီးခြင်း မပြုရန်အတွက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက သတိပေးအကြောင်းကြားထားကြောင်း သိရသည်။

"မြစ်ချောင်း၊ အင်း၊အိုင်အတွင်းမှာရှိတဲ့ ငါးတွေက ဒီရာသီမှာ ဥချလို့ကောင်းမယ့်နေရာကို ရှာတဲ့အနေနဲ့ ငါးရစ်တက်ကြတယ်။ အဲဒီလိုအချိန်မှာ ငါးတွေကို ဖမ်းဆီးလိုက်မယ်ဆိုရင် သန်းပေါင်းများစွာသော ငါးသန် ငါးသားပေါက် သေကျေပျက်စီးမယ်၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် ငါးမျိုးတွေပြုန်းတီးမယ်၊ ဒါကြောင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ရေလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၂/၉၂)ဖြင့် ငါးရစ်ငါးသန်ရာသီချိန်တွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး၊ ငါးများ မဖမ်းဆီးကြရန် တားမြစ်ထားပါတယ်။ တားမြစ်ချက်တွေကို ဖောက်ဖျက်မယ်ဆိုရင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ပြဋ္ဌာန်းထားတဲ့ ရေချိုလုပ်ငန်း ဥပဒေပုဒ်မ ၄၅ အရ ဖမ်းဆီးပြီး တရားစွဲ အရေးယူအပြစ်ပေးနိုင်ဖို့အတွက် အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် အင်းဂရန်ကိုင်လုပ်ငန်းရှင်များနှင့် ရေလုပ်သားများအနေနဲ့ လိုက်နာနိုင်ဖို့အတွက် အသိပေးအကြောင်းကြားတာပါ"ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြစ်ချောင်းများအပြင် အင်းအိုင်၊ ကန်ပေါင်း ၃၅၁ အင်းရှိရာ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော ငါးရစ်ငါးသန်ရာသီချိန် ကာလများတွင် လွတ်လပ်စွာဥချပြီး သားပေါက်နိုင်စေရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြရန်အတွက် တားမြစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

**ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့**

# သာယာဝတီမင်းခေါင်းလောင်းတော်ကြီးနှင့် အရွယ်တူ ပုံတူခေါင်းလောင်းကြီး ထားဝယ်မြို့သို့သယ်ဆောင်

**မန္တလေး မေ ၂၅**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့ ရွှေတောင်စားစေတီတော် အောက်ပစ္စယံ အင်္ဂါထောင့် မြေကွက်လပ်ပေါ်၌ ချိတ်ဆွဲထားရှိမည့် မဟာဝိဇယခေမသီတလနိဗ္ဗုတဃောသ မဟာခေါင်းလောင်းတော်ကြီးကို သွန်းလောင်းခဲ့သည့် မန္တလေးမြို့ တမ္ပဝတီရပ် တောင်ဆင်တဲကျောင်းတိုက်မှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ မေ ၂၆ ရက် နံနက် ၇ နာရီတွင် အောင်စည်အောင်မောင်းများ တီးခတ်ပြီး ရွှေမိုး ငွေမိုးရွာသွန်းကာ စတင်သယ်ယူမည် ဖြစ်ကြောင်း သိရသည်။

ခေါင်းလောင်းတော်ကြီးကို ကြေးပိဿာချိန် ၁၁၆၆၉ ပိဿာအသုံးပြု သွန်းလောင်းခဲ့ရပြီး ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင် တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်း ခေါင်းလောင်းတော်ကြီးနှင့် အရွယ်တူ ပုံသဏ္ဌာန်တူ သွန်းလောင်းခဲ့ခြင်းဖြစ်ကြောင်း၊ သာယာဝတီမင်း ခေါင်းလောင်း ဆုံမျက်နှာပြင်တွင် မနုသီဟ ပုံပြုလုပ်ထားပြီး ယခုခေါင်းလောင်းကြီးတွင် လောကနတ်ရုပ်ပုံ ပြုလုပ်ထားခြင်းဖြစ်သည်။ ချိတ်ဆွဲမည့် ပုစွန်ကွေးတွင် နရားနှစ်ကောင်နှင့် ကြာပန်းကိုင်နတ်သားပုံ ပြုလုပ်ထားကြောင်း တွေ့ရသည်။

ခေါင်းလောင်းတော်ကြီးကိုမသွန်းလောင်းမီက ရွှေတိဂုံရင်ပြင်တော်ရှိ သာယာဝတီမင်း ခေါင်းလောင်းတော်ကြီး၏ ပုံသဏ္ဌာန် အနိမ့်အမြင့် အထူအပါးတို့ကို စနစ်တကျတိုင်းတာကာ ဖယောင်းပုံပြုလုပ်ပြီး တမ္ပဝတီရပ်ကွက်မှ ကြေးသွန်းပညာရှင်များ၊ လုပ်သားများ စုပေါင်းကာ ညလုံးပေါက်သွန်းလောင်းခဲ့ရကြောင်း၊ ခေါင်းလောင်းသွန်းလောင်းရာတွင် ရှေးအစဉ်အဆက် အသုံးပြုခဲ့သည့် ကြေးအချိုးအစားအတိုင်း ရောစပ်ပြီး အသံသာယာစေရန် သွန်းလောင်းခဲ့ခြင်းဖြစ်ကြောင်း၊ မှတ်တမ်းများအရ စစ်ပြီးခေတ်တွင် သွန်းလောင်းခဲ့သည့် ခေါင်းလောင်းများအနက် အကြီးမားဆုံးဖြစ်ကြောင်းကို တာဝန်ယူသွန်းလောင်းခဲ့သည့် ကြေးသွန်းပညာရှင် ဦးအောင်သန်းမော်က ပြောကြားသည်။



ခေါင်းလောင်းကြီး သွန်းလောင်းရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့က ကြေးချိန် ငါးတန်ကို မတည်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး မြိတ်မြို့ ပြည့်ဖြိုးထွန်းကုမ္ပဏီမှ ဦးလှသန်းက ကြေးချိန် ရှစ်တန်၊ ကော့သောင်းမြို့မှ ဦးကျော်လွင်က ကြေးချိန် ၁ ဒသမ ၈ တန်နှင့် ထားဝယ်မြို့သူ မြို့သားများက ကြေးပစ္စည်းမျိုးစုံတို့ကို ပါဝင်လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး သွန်းလောင်းခ ကျပ်သိန်းပေါင်း ၁၄၀၀ ကုန်ကျခဲ့ကြောင်း သိရသည်။

ခေါင်းလောင်းကြီးကို ၁၂ ဘီး တပ်မော်တော်ယာဉ်ဖြင့် သယ်ဆောင်မည်ဖြစ်ပြီး ယခုသယ်ဆောင်မည့် ခေါင်းလောင်းကြီး၏ အလေးချိန်နှင့် ထုထည်ကို ထားဝယ်မြို့အရောက် အန္တရာယ်ကင်းစွာ သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ခေါင်းလောင်းတော်ကြီး တင်ဆောင်မောင်းနှင်မည့် ယာဉ်မောင်းက ပြောပြသည်။

**တင်မောင်၊ အောင်သူရ (မန်းကိုယ်ပွား)**

# ကျောက်ခွက်၊ လက်ပံတိုရေနံမြေ၌ မြေယာ/သီးနှံလျော်ကြေးပေးရေး ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေး

**နေပြည်တော် မေ ၂၅**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ မေ ၂၃ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ကျောက်ခွက်၊ လက်ပံတိုရေနံမြေများရှိ တွင်းအမှတ်(၁၂၃)၏ ထုတ်လုပ်နေမှု အခြေအနေများနှင့် တွင်းသစ်တူးဖော်မည့် နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြေယာ/သီးနှံ လျော်ကြေးပေးရေးကိစ္စများကို ဒေသခံများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းခဲ့ပြီး ရေနံမြေမှ ဝန်ထမ်းများကို တွေ့ဆုံအားပေးသည်။

မေ ၂၄ ရက်က စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် Goldpetrol ကုမ္ပဏီတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး CSR (Corporate Social Responsibility)အစီအစဉ်အရ ချောက်မြို့ပေါ်ရှိ အမှတ်(၁)၊ (၂)၊ (၃)၊ (၄) ရပ်ကွက်များအား တိုးချဲ့ရေပေးဝေရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများအား ချောက်မြို့ အမှတ်(၂)ရပ်ကွက်ရှိ အလယ်မဏ္ဍပ်ရုံ၌ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံပြီး တင်ပြမှုများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထိုသို့ တွေ့ဆုံပြီးနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၂) ရပ်ကွက် မြစ်ဆိပ်ရှိ ရေတင်ပန့်နှင့် ထရန်စဖော်မာ၊ အမှတ်(၁) ရပ်ကွက်ရှိ ရေဂါလန် ၅၀၀၀၀ ဆံ့ အုတ်ရေကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ချောက်ရေနံဆေးရုံ အဆင့်မြှင့်တင်မှုလုပ်ငန်းများကို သွားရောက်ကြည့်ရှု၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၅ တတိယပွဲစဉ် (ရန်ကုန်)၌ ကျင်းပမည်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်းအားပေးမှုဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီး ပညာရှင်များအသင်း (Myanmar PGA) တို့က ကြီးမှူး၍ IBTC (International Beverage Trading Co.,Ltd .)က အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်ကို ဇွန် ၂ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ရှိ တပ်မတော်ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်း အမျိုးသား (Handicap O-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap O- 24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး R&A (Rules Limited St. Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများသည် ပြိုင်ပွဲတွင် အသုံးပြုခွင့် (Confirming) ရရှိထားသော ဂေါက်တုတ်များဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် မေ ၃၀ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၂၆၂၅၂၄၅၂၊ ၀၉-၂၅၀၁၆၈၂၈၅ နှင့် ပြိုင်ပွဲကျင်းပမည့် တပ်မတော်ဂေါက်ကွင်းတို့၌ အမည်စာရင်း ပေးသွင်းရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်များအား ကြိုတင်လေ့ကျင့်မှုများပြုလုပ်နိုင်ရန်အတွက် Official Practice Round ကို မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ခွင့်ပြုထားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေး အနေဖြင့် Professional ကစားသမားများ ငွေကျပ် ၃၀၀၀၀၊ အပျော်တမ်းအဆင့် အမျိုးသားနှင့် အမျိုးသမီး ငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေး နောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်း ရေးဆွဲမည်မဟုတ်ပါသဖြင့် မေ ၃၀ ရက် နောက်ဆုံးထား ပေးသွင်းရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# တောင်ကြီးမြို့၌ သံဂဟေဆော်ရာမှ မီးလောင်

**တောင်ကြီး မေ ၂၅**

တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်၌ မေ ၂၄ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် ရေအေးကွင်းရပ်ကွက် နယ်မြေ(၁၅ )ရေထွက်ဦးလမ်း အမှတ် ၄၀ ရှိ ဦးနေဝင်းကျော် ကန်ရှေ့ရပ်ကွက် တောင်ကြီးမြို့နေသူပိုင် ဆောက်လုပ်ဆဲ သံကူကွန်ကရစ်အဆောက်အအုံ၏ အလျား ပေ ၂၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၂ ပေရှိ အခန်း၏ အမိုးသွပ်ပြားနှင့် သံထုပ်တန်းကို သံဂဟေဆက်သည့် အလုပ်သမား မျိုးမင်းလတ် သံဂဟေဆော်နေစဉ် သံဂဟေမီးပွားများ အခန်းအောက်သို့ကျကာ အခန်းအတွင်း၌ထားသည့် သားရေဆိုဖာထိုင်ခုံသို့ကျပြီး မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းသွားသည်။ ဂဟေစက်အလုပ်သမား မျိုးမင်းလတ်(၂၆ နှစ်)ကို အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အမှတ်(၅)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ စုပေါင်းသွေးလှူ

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်သီဟ ဦးစီး သည့် တပ်ဖွဲ့ဝင်အရာရှိ ၁၀ ဦးနှင့် အခြားအဆင့် တပ်ဖွဲ့ဝင် ၇၅ ဦးပါဝင် သည့် ရဲတပ်ဖွဲ့ဝင် ၈၅ ဦးတို့သည် မေ ၂၃ ရက် နံနက် ၈ နာရီက ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ တတိယ အကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# မဟာအောင်မြေမြို့နယ်အတွင်း လူလေးဦး ဓာတ်လိုက်ရာ တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**မန္တလေး မေ ၂၅**

မန္တလေး မဟာအောင်မြေမြို့နယ် ဟေမမာလာတောင်ရပ်ကွက် ၇၈ လမ်း၊ လမ်း ၄၀ နှင့် ၄၁ လမ်းကြားရှိ Health Plus အလှကုန်ပစ္စည်း အရောင်းဆိုင်၌ မေ ၂၂ ရက် ညနေ ၄ နာရီက လူလေးဦးဓာတ်လိုက်ကြောင်း သိရသည်။

အဆိုပါသတင်းအရ မဟာအောင်မြေမြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူး ကြည်စိုးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သံပန်းနှင့် အလူမီနီယံလုပ်သား စိုးသူ (၃၀ နှစ်) တောင်ရွာသစ် ချမ်းမြသာစည်မြို့နယ်၊ စိုးနိုင်အောင်(၂၀ နှစ်) ကုန်တန်းရပ် အောင်မြေသာစံမြို့နယ်၊ ရန်နောင်စိုး(၂၈နှစ်) သင်ပန်းကုန်းရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်၊ ထွန်းမင်းလတ်(၂၆ နှစ်) ရတနာအရှေ့ရပ်ကွက် မဟာအောင်မြေမြို့နယ်နေသူတို့ လေးဦးသည် ဆိုင်တွင် ဆိုင်းဘုတ်တပ်ဆင်ရန်အတွက် သံငြမ်းစင်အမြင့် ပေ ၂၀ ခန့်ကို မရွှေ့ရာ ဓာတ်လိုက်ခံရသဖြင့် စိုးနိုင်အောင်တွင် ဒဏ်ရာရရှိကာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့သဖြင့် မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အကြိမ် (၁၀၀)မြောက် သွေးလှူဒါန်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်) စီမံရေးရာဌာနခွဲမှ စက်မှုကျွမ်းကျင်(၃) ဦးကျော်ဟန် (လူမှုထူးချွန် ပထမဆင့်)သည်ရန်ကုန်မြို့ အမျိုးသားသွေးဌာနတွင် မေ ၁၅ ရက်က အကြိမ်(၁၀၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၅-၅-၂၀၁၅

| | |
|---|---|
| မောင်တောမြို့ | ၁ ဒသမ ၉၇ လက်မ |
| ကော့သောင်းမြို့ | ၁ ဒသမ ၇၃ လက်မ |
| ဖူမြို့ | ၁ ဒသမ ၂၂ လက်မ |
| မာန်အောင်မြို့ | ၁ ဒသမ ၁၉ လက်မ |

# ကလေးများအသိဉာဏ်တိုးတက်ရေးတွင် ကလေးစာပေသည်အရေးပါ



**ရန်ကုန် မေ ၂၅**

ကလေးစာပေသည် လူ့ဘဝ ပျိုးထောင်ရေးအတွက် မှန်ကန်သော မျိုးစေ့ဖြစ်ပြီး အသိဉာဏ်ဖြည့်ဆည်းပေးရာတွင် အစောဆုံး၊ အစွဲမြဲဆုံး၊ အထိရောက်ဆုံးဖြစ်ကြောင်းကို မေ ၂၃ ရက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်းတိုက်၌ကျင်းပသည့် ကလေးစာပေပြန့်ပွားရေးအသင်း စာတမ်းဖတ်ပွဲတွင် အသင်းဥက္ကဋ္ဌဒေါက်တာချစ်စံ (ချစ်စံဝင်း)က ပြောကြားသည်။ မျက်မှောက်ခေတ်တွင် မြန်မာနိုင်ငံ၌ ကလေးစာပေ ထုတ်ဝေဖြန့်ချိခြင်းနှင့် ဖတ်ရှုခြင်းတို့မှာ တစ်စတစ်စအားနည်းလျက်ရှိပြီး စာအုပ်ဆိုင်များမှာလည်း ရှားပါးလာကြောင်း သိရသည်။ အခြေခံပညာကျောင်းများတွင် မူကြိုနှင့် မူလတန်းအဆင့်တို့တွင် ပုံပြင်ပြောခြင်းအချိန်များ ထည့်သွင်းပေးခြင်း၊ ကျောင်းစာကြည့်တိုက်များထားရှိကာ နိုင်ငံတော်ဘတ်ဂျက်မှ ကလေးများ ဖတ်ရန် စာအုပ်ဝယ်ယူ ဖြည့်တင်းခြင်းတို့ လုပ်ဆောင်ပေးသင့်ကြောင်း Quality စာပေထုတ်ဝေရေးမှ ဦးမြင့်ထွန်းက ပြောကြားသည်။

"ယနေ့ခေတ်မှာ ကလေးစာပေ ထုတ်ဝေသူများ နည်းပါးနေသေးတာ တွေ့ရပါတယ်။ စာပေဗိမာန်နဲ့ မြဝတီစာပေတိုက်ထုတ် ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်းစာစောင်များနဲ့ ပုဂ္ဂလိက ထုတ်ဝေသူတချို့ရဲ့ ခန့်မှန်းခြေ ဂျာနယ် မဂ္ဂဇင်း ၁၀ စောင်ခန့်သာ လစဉ်ထွက်နေတာတွေ့ရှိရတာမို့ မြန်မာနိုင်ငံရဲ့ မူလတန်းမှ အလယ်တန်းအထိ ကျောင်းသားဦးရေ ၁၀ သန်းခန့်နဲ့ယှဉ်ရင် နည်းနေသေးတာတွေ့ရပါတယ်" ဟု ပြောကြားသည်။

ကလေးများအနေဖြင့်လည်း ယနေ့ခေတ်အချိန်အခါတွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဖျော်ဖြေရေးကဏ္ဍများစွာကို ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် စာပေဖတ်ရှုခြင်းကို စိတ်ဝင်တစား ဖတ်ရှုသူ နည်းပါးလာပြီး ကွန်ပျူတာ၊ မိုဘိုင်းဖုန်း၊ သင်ပုန်းကွန်ပျူတာများမှ တစ်ဆင့် အင်တာနက်မှ ဂိမ်းကစားနည်းများ၊ ကာတွန်းကားများနှင့် အခြား စိတ်ဝင်စားဖွယ် ဖျော်ဖြေမှုများကို နှစ်ခြိုက်လာကြကြောင်း ဒေါက်တာ မိုးဇော်ဟိန်း (မြန်မာစာ) ကပြောကြားသည်။ နောင်လာမည့် မျိုးဆက်သစ်များကို လေ့ကျင့်ပေးသည့်ကလေးစာပေများသည် ကလေးတို့၏ ဦးနှောက်နှင့် အတွေးအခေါ်ကိုရင့်သန်စေရုံသာမက ဝေဖန်ပိုင်းခြားမှု စွမ်းအင်မြင့်မားခြင်းများ ရရှိနိုင်စေကြောင်း ကလေးစာပေများကို နှစ်ပေါင်း ၄၀ ခန့်ရေးသားလျက်ရှိသူ စာရေးဆရာကြီး မောင်ခေတ်ထွန်းကပြောကြားသည်။

"ကလေးစာပေကို အကြမ်းအားဖြင့် နှစ်မျိုးခွဲခြားနိုင်ပါတယ်။ အသိပညာပေးတာနဲ့ နှစ်သက်ပျော်ရွှင်မှုကိုပေးတဲ့ စာပေတွေဖြစ်ပါတယ်။ ဒီစာပေတွေက ကလေးတွေရဲ့ စာဖတ်နှုန်းမြန်စေပြီး ဗဟုသုတပညာဉာဏ် တိုးပွားစေကာ ကလေးတွေရဲ့ ဦးနှောက်၊ နှလုံးသားနဲ့ လက်တွေကို အထောက်အကူပြုစေပါတယ်" ဟု ပြောကြားသည်။

ကလေးစာပေ ထွန်းကားပြန့်ပွားရေး ဆောင်ရွက်ရာ၌ ကလေးစာပေ ရေးသားနိုင်စွမ်းရှိသူများကို တာဝန်ပေး၍ ရေးသားပြုစုထုတ်ဝေပေးရန်၊ အဆိုပါ ဆောင်ရွက်မှုကို နိုင်ငံတော် အပါအဝင် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၏ ဝိုင်းဝန်းဆောင်ရွက်မှုနှင့်အတူ လုပ်ဆောင်ရန် လိုအပ်ကြောင်း သိရသည်။

ထို့ကြောင့် မေတ္တာစိတ်၊ ကိုယ်ချင်းစာစိတ်၊ အမှန်တရားကို မြတ်နိုးစိတ်၊ အများအကျိုးဆောင်သည့် စိတ်စသည့် စိတ်ကောင်း၊ စေတနာကောင်းရှိသူများ ဖြစ်ရန်အတွက် ပြုစုပျိုးထောင်ရာ၌ ကလေး စာပေသည် အဓိက အခြေခံအုတ်မြစ်ဖြစ်ပေရာ နိုင်ငံတိုင်းလိုလိုတွင် ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးကို လိုအပ်သည့် လုပ်ငန်းတစ်ရပ်အဖြစ် လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ-မွန်းဦးနဒီ**

# ရပ်ရှင်အနုပညာရှင်များနှင့် တွံတေး၊ အား/ကာ ညွန့်ပေါင်းဘောလုံးယှဉ်ပြိုင်



**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ဘုရားကြီးကျေးရွာ (ဘုရားကြီးမင်္ဂလာတိုက်ကျောင်း) မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ (၁၆)နှစ်ပြည့် အထိမ်းအမှတ် ရုပ်ရှင် အနုပညာရှင်များနှင့် တွံတေးမြို့နယ် အား/ကာ ညွန့်ပေါင်းအသင်း ဘောလုံးပြိုင်ပွဲကို မေ ၂၄ ရက် ညနေ ၄ နာရီက တွံတေးမြို့မအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်လေးဂိုးစီဖြင့် သရေကျသွားသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲမှရရှိသည့်ဝင်ကြေငွေသိန်းကို မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကျောင်းသို့လှူဒါန်းခဲ့ကြောင်း သိရသည်။ ထိုမင်္ဂလာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကျောင်းကို ၁၉၉၉ ခုနှစ်မှစ၍ ပရဟိတဆရာတော်ကြီး ဦးစန္ဒိမာက မိဘမဲ့ဆင်းရဲနွမ်းပါး၊ တိုင်းရင်းသား၊ နာဂစ်ကျောင်းသားကျောင်းသူ တစ်ထောင်ကျော်အား ထိန်းသိမ်းစောင့်ရှောက်ပညာသင်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ကျောင်းအပ်နှံမှု စတင်လက်ခံ

**ရန်ကုန်မြို့**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်(ထောက်ကြန့်)ရန်ကုန်-ပဲခူးလမ်းရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်လုပ်ငန်းဆောင်ရွက်နေသည်ကို မေ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။ **ခင်ဇော်(မင်္ဂလာ)**

**စဉ့်ကိုင်မြို့**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် စဉ့်ကိုင်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ ရက်က စဉ့်ကိုင်မြို့ အထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# လေပြင်းတိုက်ခတ်သဖြင့် နေအိမ်နှင့်စာသင်ကျောင်းများ အမိုးလန်



**ကသာ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်း မေ ၂၃ ရက်က လေပြင်းတိုက်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ဗန်းမောက်မြို့နယ် တုံးလှော်ကျေးရွာအုပ်စု ညောင်ခြေထောက်ကျေးရွာရှိ နေအိမ်တစ်အိမ်မှ သွပ် ၆၄ ချပ် အမိုးများလန်ခြင်း၊ မံစီကြီးကျေးရွာအုပ်စု မကျီးကုန်း မူလတန်းကျောင်း **(အပေါ်ပုံ)**တွင် သွပ်အချပ် ၉၀ အမိုးများလန်ခြင်း၊ ပန်းတောကျေးရွာအုပ်စု ပေကုန်းအမက ကျောင်းခွဲတွင် သွပ် ၂၆ချပ် အမိုးများလန်ခြင်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အလားတူ ဗန်းမောက်မြို့နယ် နောင်ပတ်အုပ်စုတွင် မေ ၂၄ ရက်က ထပ်မံ၍ လေပြင်းတိုက်ခတ်ခဲ့ရာ နန့်စားရွာမူလွန်ကျောင်းတွင် မိုးထားသော သွပ်မိုးများလန်သွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်တစ်လုံး၊ စာသင်ကျောင်းသုံးကျောင်းတို့မှသွပ်များလန်သွားခဲ့သည်။ မြို့နယ်စီမံခန့်ခွဲရေးကော်မတီမှ ပျက်စီးသွားသောကျောင်းများကို ကျောင်းမဖွင့်မီ အချိန်မီအပြီးဆောင်ရွက်သွားနိုင်ရေးနှင့် ပျက်စီးသွားသော လူနေအိမ်တစ်လုံးအတွက် ထောက်ပံ့ကူညီနိုင်ရေးတို့ကို စီစဉ်လျက်ရှိကြောင်း သိရသည်။ **သတင်းကိုရဲ(ကသာ)၊ဓာတ်ပုံ-ငွေအိုး**


ပြည်ထဲရေးဝန်ကြီးဌာန
စက်နှင့်စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ရန်

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် စက်နှင့်စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။
(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့
(ခ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
(ဂ) အကျဉ်းဦးစီးဌာန
(ဃ) မီးသတ်ဦးစီးဌာန

၂။ အထက်ပါတပ်ဖွဲ့/ဦးစီးဌာနများတွင် အသုံးပြုရန် ဝယ်ယူမည့်စက်နှင့် စက်ပစ္စည်းများအတွက် အဆိုပြုတင်ဒါ၊ အဆိုပြုလွှာ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံနှင့် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များအား ၂၂-၄-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်အတွင်း ရောင်းချခဲ့ပြီး ဖြစ်ပါသည်။

၃။ အဆိုပြု တင်ဒါအဆိုပြုလွှာ တင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ ၂၆-၅-၂၀၁၅ရက်မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၀)ရှေ့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ မူလတန်းကြိုကျောင်းတွင် လာရောက်ကြည့်ရှုနိုင်သည်။

၄။ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စု အမှတ်စဉ်အလိုက် တင်ဒါဖွင့်ဖောက်မည့်ရက်များ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်(ရုံးအမှတ်-၈)၊ အရိန္ဒမာခန်းမတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသောဈေးနှုန်း တင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၅။ ကုမ္ပဏီများ၏ ဈေးနှုန်းတင်သွင်းလာသော တင်ဒါပုံစံများကို တပ်ဖွဲ့/ဦးစီးဌာန များ၏ လုပ်ငန်းအုပ်စုအလိုက် အောက်ပါရက်များတွင် နံနက် ၁၀နာရီ၌ ဖွင့်ဖောက် ကြေညာပေးသွားမည်ဖြစ်သည်-

| | | |
|---|---|---|
| (က) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၁-၆-၂၀၁၅ ရက် |
| (ခ) | အကျဉ်းဦးစီးဌာန | ၁-၆-၂၀၁၅ ရက် |
| (ဂ) | မီးသတ်ဦးစီးဌာန | ၂-၆-၂၀၁၅၊၃-၆-၂၀၁၅၊၄-၆-၂၀၁၅ရက် |
| (ဃ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ၅-၆-၂၀၁၅၊၈-၆-၂၀၁၅၊၉-၆-၂၀၁၅ရက် |

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| **(က)** | **ပြည်ထဲရေးဝန်ကြီးဌာန** | **ဖုန်း-၀၆၇-၄၁၂၄၃၆၊၀၆၇-၄၁၂၄၃၇** |
| **(ခ)** | **မြန်မာနိုင်ငံရဲတပ်ဖွဲ့** | **ဖုန်း-၀၆၇-၄၁၂၅၁၂၊၀၆၇-၄၁၂၂၅၈** |
| **(ဂ)** | **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန** | **ဖုန်း-၀၆၇-၄၃၁၃၉၆၊၀၆၇-၄၃၁၃၇၄** |
| **(ဃ)** | **အကျဉ်းဦးစီးဌာန** | **ဖုန်း-၀၆၇-၄၃၁၄၁၆၊၀၆၇-၄၃၁၄၂၀** |
| **(င)** | **မီးသတ်ဦးစီးဌာန** | **ဖုန်း-၀၆၇-၄၂၀၀၂၅၊၀၁-၆၆၁၅၄၄** |



ရွှေကြေးစည် မှ (ကျိုက္ကမီ၊ မော်လမြိုင်၊ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်စမ်းလိုဏ်ဂူ။
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ။ ဆက်၍-မန္တလေး၊ ပြင်ဦးလွင် အနှံ့။
▲ ကျိုက္ကမီ၊ မော်လမြိုင်၊ ဝက်ခဲ၊ နွားလပို့တောင်၊ ဝင်းစိန်တောရ လက်မှတ်ရောင်း/စင်းလုံးငှား
▲ (အကောက်တောင်)(ဇလွန်)(နေပြည်တော်) အပတ်စဉ်-သော/ကြာ၊စနေ၊တနင်္ဂနွေ
ဖုန်းဆိုးတန်း ☎01-240860/01-372290 ဒေါ် 09-49282825 ကမာကြည် 09421029191



**Hexagon Myanmar Construction Co.,Ltd.**

**အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိသည်**

၁။ **Chief Engineer** — **ကျား/မ(၁)ဦး**
B.E (Civil)၊ တည်ဆောက်ရေးလုပ်ငန်းအတွေ့အကြုံနှစ်(၂၀)နှင့် အထက်ရှိသူ ဖြစ်ရမည်။

၂။ **Project Manager** — **ကျား/မ(၃)ဦး**
B.E(Civil),B.E(Mechanical),B.E(Electrical)
လုပ်ငန်းအတွေ့အကြုံ(၁၅)နှစ်နှင့် အထက်ရှိသူဖြစ်ရမည်။
အထပ်မြင့်အဆောက်အအုံများ အစအဆုံးဆောက်လုပ်ဖူးသူဖြစ်ရမည်။

၃။ **Project Engineer** — **ကျား/မ(၃)ဦး**
B.E(Civil),B.E(Mechanical),B.E(Electrical Power)
လုပ်ငန်းအတွေ့အကြုံ(၈)နှစ်နှင့် အထက်ရှိသူဖြစ်ရမည်။

၄။ **Site Engineer** — **ကျား/မ(၃)ဦး**
B.E(Civil),B.E(Mechanical),B.E(Electrical)
လုပ်ငန်းအတွေ့အကြုံ(၃)နှစ်

၅။ **Architect** — **မ(၃)ဦး**
M.E(Arch)(or)B.E(Arch)(or)B.E(Civil)(or)B.E(NA)
ကိုယ်ပိုင် Project ဖြင့် 3ds Max Rendering ပိုင်းကျွမ်းကျင်ရမည်။

၆။ **Junior Engineer** — **ကျား/မ(၄)ဦး**
AGTI,B.Tech,B.E(Civil(or)Mechanical(or)Electrical)

၇။ **Senior Staff** — **မ(၂)ဦး**
ဘွဲ့ရ၊ Microsoft ကျွမ်းကျင်သူ၊ လုပ်သက်(၃)နှစ်နှင့် အထက်ရှိသူ

အမှတ် ၁၂(A)၊ သုမင်္ဂလာ(၁)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ Junction Zawana အနီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၇၂၀၉၀၊ ၀၉-၄၂၂၄၅၂၀၈၇၊ ၀၉-၄၅၀၀၂၁၄၄၅



**ဖခင်အမည်မှန်**

အမက (၁၀)မရမ်းကုန်း တတိယတန်းမှ မောင်မိက္ခာထွန်း၏ ဖခင်အမည်မှန်မှာ မွေးစာရင်းအရ ဦးစောထွန်းနိုင် ဖြစ်ပါကြောင်း။



**အမည်ဖြည့်စွက်ခေါ်ဆိုပါရန်**

ကျွန်တော် ဦးသက်တင်မောင် (ဘ-ဦးရှုမောင်) ၆/ထဝန(နိုင်)၀၈၃၇၂၃အား ဦးသက်တင်(ခ) ဦးသက်တင်မောင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

**ဦးသက်တင်**



**ဖခင် အမည်မှန်**

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက် ကံမြို့သစ်၊ အမက (၄၈) တတိယတန်း(ခ)အောင်မှ မောင်မင်းအောင်ခန့်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ဖြစ်ပါကြောင်း။



**ဝန်ထမ်းအလိုရှိသည်**

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Assistant Accountant — မ(၂)ဦး
LCCI Level III, Any Graduate

၂။ အရောင်းဝန်ထမ်း — မ(၅)ဦး
- Any Graduate

၃။ Marketing Staff — မ(၃)ဦး
- Any Graduate

၄။ ယာဉ်မောင်း — ကျား(၂)ဦး

၅။ စတိုဝန်ထမ်း — ကျား(၅)ဦး

လျှောက်ထားလိုသူများသည် အမျိုးသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းဆိုင်ရာမိတ္တူ၊ လိုင်စင်ဓါတ်ပုံ(၁)ပုံ၊ သက်ဆိုင်ရာ ရဲစခန်းထောက်ခံစာယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

မင်းထွန်းထရေးဒင်း ကုမ္ပဏီလီမိတက်
အမှတ်(၂၂)၊ကမ်းနားလမ်း၊ River View Garden Housing၊ အလုံမြို့နယ်။

❀ ရှေ့ဖုံးမှ

အသက် ၂၀ အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ FIFA U-20 World Cup တွင် မြန်မာနိုင်ငံမှ တစ်ဦးတည်း မူပိုင်ပြသခွင့်ရရှိထားသော Sky Net ရုပ်သံမှ မြန်မာယူ-၂၀ အသင်း၏ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်ပြသခွင့်ကို မြန်မာ့ရုပ်မြင်သံကြားသို့ လွှဲပြောင်းပေးအပ်ခဲ့သည့်အတွက် မြန်မာယူ-၂၀ အသင်း၏ပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည် ဖြစ်သည်။

"မြန်မာတစ်နိုင်ငံလုံးကလည်း စိတ်ဝင်စားမှုရှိတယ်။ အားပေးချင်ကြတဲ့ကမ္ဘာ့ဖလား ယူ-၂၀ ဘောလုံးပြိုင်ပွဲ မြန်မာအသင်းရဲ့ပွဲစဉ်တွေကို မြန်မာ့ရုပ်မြင်သံကြားကနေ တိုက်ရိုက်ထုတ်လွှင့်ခွင့်ကို ပေးအပ်တာဖြစ်ပါတယ်။ MRTV အနေနဲ့ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်တဲ့အတွက်ကြောင့်လည်း Sky Net ပရိသတ်တွေတင်မကဘဲ မြန်မာတစ်နိုင်ငံလုံး တိုက်ရိုက်ကြည့်ရှုအားပေးနိုင်မှာပါ။ MRTV အပြင် Sky Net၊ MNTV တို့ကနေလည်း တိုက်ရိုက်ထုတ်လွှင့်ပေးသွားမှာပါ။ မြန်မာအသင်းကိုလည်း အောင်မြင်မှုတွေရရှိပြီး နောက်အဆင့်တွေကို တက်လှမ်းစေချင်ပါတယ်" ဟု Sky-Net မှ Executive General Manager ဒေါက်တာသိန်းသန်းဦးက ပြောသည်။

Sky Net မှ MRTV သို့ မြန်မာယူ-၂၀ အသင်း၏ပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်ပြသခွင့် လွှဲပြောင်းပေးခြင်းကို မေ ၂၅ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ Sky Star ဟိုတယ်၌ကျင်းပခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန ညွှန်ကြားရေးမှူး ဦးမြင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

နယူးဇီလန်နိုင်ငံ၌ ကျင်းပပြုလုပ်တော့မည့် ကမ္ဘာ့ဖလားယူ-၂၀ ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာယူ -၂၀ အသင်းသည် ဩစတြေးလျနိုင်ငံတွင် သွားရောက်ပြင်ဆင် လေ့ကျင်နေပြီဖြစ်ပြီး မြန်မာအသင်းယှဉ်ပြိုင်ကစားမည့် အုပ်စုပွဲစဉ်သုံးပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကာ အုပ်စုပွဲစဉ်များ ကျော်ဖြတ်နိုင်ပါက ဆက်လက်ထုတ်လွှင့်ပြသပေးသွားမည်ဟုသိရသည်။ ထုတ်လွှင့်ပြသသွားမည့် ပွဲချိန်များကိုလည်း ကြိုတင် အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆုနှင်းလှဲ့**

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် မေ ၂၅**

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးတွင် လုံခြုံရေးတာဝန်ထမ်းဆောင်မည့် ရဲတပ်ဖွဲ့ဝင်များကို ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၂)ဖွင့်ပွဲကို မေ ၁၈ ရက်က မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းရှိ အောင်ဇေယျသင်တန်းခန်းမ၌ ကျင်းပသည်။ လုံခြုံရေးသင်တန်းနည်းပြ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းအောင်က ယခုကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး၏အဓိကအကျဆုံး လုံခြုံရေးတာဝန်ကို ရဲတပ်ဖွဲ့ဝင်များက ထမ်းဆောင်ကြရမည်ဖြစ်ရာ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ကျင့်ထုံးပုဒ်မများကို သိရှိထားရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲမကျင်းပမီ အကြိုကာလကျင်းပနေချိန်၊ ကျင်းပပြီးစီးချိန်များတွင် တရားဥပဒေဘောင်အတွင်းမှ လုံခြုံရေးဆိုင်ရာတာဝန်များကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်၍ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို ပို့ချသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့အတူ မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းဇော်က လုံခြုံရေးတာဝန်ထမ်းဆောင်မည့်သူများ သိသင့်သိထိုက်သော အကြောင်းအရာအားလုံးကို သင်တန်းပို့ချသွားမည်ဖြစ်ပါကြောင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။

ယခုသင်တန်းကို တစ်ရက်လျှင် ၆ နာရီ၊ ငါးရက် သင်တန်းပို့ချသွားမည်ဖြစ်သည်။ မင်္ဂလာတောင်ညွန့်မြို့နယ် ရပ်ကွက် ၂၀ အတွင်း မဲရုံပေါင်း ၁၀၀ ကျော်ထားရှိမည်ဖြစ်ပြီး မြို့မရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင် ၇၉ ဦးနှင့် ခရိုင်ရဲတပ်ဖွဲ့ဝင် ၆၁ ဦး စုစုပေါင်း ၁၄၀ ဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးတာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

# အင်တာနက်သုံးနိုင်သည့် နောက်ဆုံးပေါ်တီဗွီများ ဆမ်ဆောင်းပြသ

**ရန်ကုန် မေ ၂၅**

ဆမ်ဆောင်း၏နောက်ဆုံးပေါ် HD TV များအပါအဝင် နည်းပညာမြင့် ထုတ်ကုန်မျိုးစုံကို မေ ၂၄ ရက် အထိကျင်းပခဲ့သည့် ကိုရီးယားအိတ်စပိုတွင် စတင် မိတ်ဆက်ခဲ့ကြောင်း သိရသည်။ မှန်ကွေးမျက်နှာပြင်ဒီဇိုင်းဖြင့် နောက်ဆုံးပေါ်တီဗွီဖြစ်သော ၇၈ လက်မ SUHD တီဗွီသည် Tizen OS အသုံးပြုထားသော စမတ်တီဗွီဖြစ်ပြီး ဆမ်ဆောင်းဖုန်းများတွင်ပါသည့် Quick Connect Application ဖြင့် ဘလူးတုသ်မှတဆင့် တီဗွီကိုချိတ်ဆက်ပြီး ဖုန်းအတွင်းမှသီချင်းများ၊ ဗီဒီယိုများကို တီဗွီတွင်ကြည့်နိုင်သလို တီဗွီမှလာသော အစီအစဉ်များကိုဖုန်းပေါ်မှကြည့်နိုင်ကြောင်း သိရသည်။ တီဗွီကြည့်ရှုံသာမက Application များထည့် သုံးနိုင်ကာအင်တာနက်သုံးရန်လည်း အထောက်အကူပြုနိုင်သည်။ အဆိုပါတီဗွီများကို Korea Expo 2015 တွင် အထူးအစီအစဉ်များဖြင့် ရောင်းချခဲ့သည်။

**သွန်းဝသန်**

# ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ မြို့နယ် ၁၄ ခုတွင် စတင်ကြေညာ

**ရန်ကုန် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ ခုအတွင်းမှ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအတွက် မဲဆန္ဒရှင်စာရင်းများကို မေ ၂၅ ရက်တွင် စတင်ကြေညာထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

"၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အိမ်ထောင်စုစာရင်း ပုံစံ(၆၆/၆) ရှိတဲ့ မဲဆန္ဒရှင်စာရင်းတွေကို ထုတ်ပြန်ကြေညာတာပါ။ ဒီနေ့ မေ ၂၅ ရက်ကနေ ဇွန် ၆ ရက် ညနေ ၆ နာရီအထိ နှစ်ပတ်တိုင်ကပ်ထားပြီး ကြေညာထားမှာပါ"ဟု သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ မြောက်ဥက္ကလာ၊ သဃ်န်းကျွန်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာနှင့် ထန်းတပင်မြို့နယ်များအတွက် မဲဆန္ဒရှင်စာရင်းများကို မြို့နယ်အသီးသီးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမြို့နယ်များရှိ ရပ်ကွက်နှင့် ကျေးရွာအသီးသီးတွင် နေထိုင်ကြသူများအနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးခွင့်မဆုံးရှုံးစေရန်အတွက် ယခု ထုတ်ပြန်ကြေညာထားသော မဲဆန္ဒရှင်စာရင်းကို မိမိတို့အမည် ပါမပါ သွားရောက်ကြည့်ရှုရမည်ဖြစ်သည်။

မဲဆန္ဒရှင်စာရင်းတွင် မိမိ၏အမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အမည်ပါသော်လည်း အချက်အလက်များမှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားရမည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းတွင် မပါဝင်သင့်သူများ၊ ကွယ်လွန်ပြီးသူများ၊ ထောင်ကျနေသူများ စသည်ဖြင့် ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်လွှာ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလျှောက်လွှာများကို မိမိတို့နေထိုင်သည့် ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများထံတွင် လျှောက်ထားရမည်ဖြစ်ကြောင်း၊ ယခု မဲဆန္ဒရှင်စာရင်းထုတ်ပြန်သည့် မြို့နယ် ၁၄ ခုတွင် ခေတ္တလာရောက်နေထိုင်သူများ၏ အမည်စာရင်းများမှာမူ မိမိတို့နေထိုင်သည့် အိမ်ထောင်စုစာရင်း လဝကပုံစံ (၆၆/၆) ရှိသော မြို့နယ်များမှ မဲဆန္ဒရှင်စာရင်းတွင်သာ ပါဝင်မည် ဖြစ်ကြောင်း သိရသည်။



သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်မှ မဲဆန္ဒရှင်စာရင်းကြေညာမှုကို ကြည့်ရှုနေသူတစ်ဦး။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**


မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဘိုးဘိုးဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)+ဘွားဘွားဒေါ်တင်မမထွန်း နှင့်

ဘိုးဘိုး(ဗိုလ်မှူးကိုကိုနိုင်)+ဘွားဘွားဒေါ်မာလာဖြူတို့၏

မြေးရတနာ

ဖေဖေဦးဖြိုးဝေလင်း(ဥက္ကဋ္ဌ၊ကနောင်ကုမ္ပဏီလီမိတက်) + မေမေဒေါ်ချယ်ရီကိုကိုနိုင်(ဒါရိုက်တာ၊ကနောင်ကုမ္ပဏီလီမိတက်) တို့၏

သားရတနာ

မောင်မြတ်မင်းသွေး (စ) ထိပ်တင်လေး ၏

(၂၆.၅.၂၀၁၅)နေ့တွင်ကျရောက်သော(၄)နှစ်ပြည့်မွေးနေ့ရက်မှသည်နှစ်(၁၂၀)တိုင်အောင်ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းကို တစ်လုံးတစ်ဝတည်း ရရှိခံစားနိုင်ပြီး ဘဝတစ်လျှောက်လုံး လိုအင်ဆန္ဒအဝဝနှင့် ပြည့်စုံ၍ ဉာဏ်ပညာကြီးမားခြင်း၊ခွန်အားဗလကြီးမားခြင်း၊စည်းစိမ်ဥစ္စာပေါ်များခြင်း စသောကောင်းခြင်းမင်္ဂလာ အဖြာဖြာတို့ကို ရရှိကာ ဘာသာ သာသနာအကျိုး တိုင်းပြည်အကျိုးကို သယ်ပိုးနိုင်သော ယောကျ်ားကောင်း ယောကျ်ားမြတ် တစ်ယောက်ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက် -

ကနောင်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ



**အမည်ပြောင်း**

ဦးအေးကြိုင်၏ သမီး ပလက်ဝမြို့၊ အထက အငှမတန်း(A)မှ မစောအိကြိုင်အား ယနေ့မှစ၍ မခက်ခက်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မခက်ခက်ကျော်**

**မှတ်ပုံတင်နံပါတ်အမှန်**

ဖားကန့်မြို့၊ မရှီကထောင် အလက သတ္တမတန်း(B)အောင်မှ မောင်ဟိန်းသန့်၏ဖခင် ဦးခေါတင်(ခ) ဦးဇော်ဝင်း၏ မှတ်ပုံတင်နံပါတ်အမှန်မှာ ၅/ကသန(နိုင်)၁၂၂၅၇၁ ဖြစ်ပါကြောင်း။ **ဦးခေါတင်(ခ)ဦးဇော်ဝင်း ၅/ ကသန(နိုင်)၁၂၂၅၇၁**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ် အလက(ခွဲ) ကံလှ၊ အငှမတန်းမှ မောင်ချမ်းဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းလင်း ဖြစ်ပါကြောင်း။ **ဦးကျော်ဆန်းလင်း**

**ဖခင်အမည်မှန်**

သထုံမြို့နယ် အထက(၁) သတ္တမတန်းအောင်မှ မခင်သူဇာဦးနှင့် ပေါ်တော်မူ ကျေးရွာ အမက(မူလွန်) ဒုတိယတန်းအောင်မှ မောင်မျိုးကိုကို တို့၏ဖခင်အမည်မှန်မှာ ဦးအောင်မျိုး ဖြစ်ပါကြောင်း။ **ဦးအောင်မျိုး ၁၀/သထန(နိုင်)၀၂၀၇၈၅**

စာအုပ်စာပေ လူ့မိတ်ဆွေ

**မိဘအမည်မှန်** တာမွေမြို့နယ်၊ အထက(၁) တာမွေ အငှမတန်း(A)မှ မသီရိကေဇင်၏ မိဘအမည်မှန်မှာ ဦးကျော်ထူးလွင်နှင့် မသီတာအောင် ဖြစ်ပါကြောင်း။ **ဦးကျော်ထူးလွင်-မသီတာအောင်**

**အမည်ပြောင်း** ဦးမင်းဦး ၁၂/မရက(နိုင်)၀၃၃၀၂၁၏သား အမက(၂) ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံမှ မောင်ကောင်းကျော်ကျော်အား မောင်သက်ထူးအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သက်ထူးအောင်**

# စိုက်ပျိုးပညာပေးရေးဘာသာအကြောင်းတစေ့တစောင်း (အပိုင်း-၁)

## (Agricultural Extension- Part I)

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်)
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

စိုက်ပျိုးပညာပေးရေးဆိုသည်မှာ ခေတ်မီသီးနှံစိုက်ပျိုးနည်းစနစ်များ၊ အထွက်တိုးမျိုးကောင်းမျိုးသန့်များ၊ ခေတ်မီမွေးမြူရေး နည်းစနစ်ကောင်းများကို တောင်သူများလက်တွေ့ လေ့လာကျင့်သုံးလာနိုင်အောင် သင်ကြားပြသ၊ ဆွေးနွေး၊ အကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဖြစ်ပါသည်။ တစ်နည်းအားဖြင့်လည်း ကျေးလက်နေ တောင်သူလယ်သမားများကို ကျောင်းစာသင်ခန်းတွင်း ကျောင်းသား ကျောင်းသူများအား သင်ကြားနည်းမဟုတ်ဘဲ ကျောင်းစာသင်ခန်းပြင်ပတွင် ပြင်ပဗဟုသုတပညာပေးခြင်း၊ သင်ယူခြင်းဖြစ်ပါသည်။ (ဥပမာ- လယ်ကွင်း၊ အိမ်၊ သစ်ပင်အောက်) (Non – Formal Education; Informal Learning)၊ ကမ္ဘာတွင်ကျင့်သုံးနေသော Agriculture ၏ အဓိပ္ပာယ်မှာ သီးနှံစိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းကို ခေါ်ဆိုပါသည်။

စိုက်ပျိုးရေးနိုင်ငံအသီးသီးတွင် တောင်သူများကို ခေတ်မီစိုက်ပျိုးရေး နည်းပညာသစ်များ ပညာဖြန့်ဝေပေးရာတွင် နည်းအမျိုးမျိုး ရှိပါသည်။

စိုက်ပျိုးရေးပညာပေးဘာသာရပ် စတင်ကျင့်သုံးသည်မှစ၍ ကမ္ဘာ့နိုင်ငံအသီးသီး၌ (၁) ဝန်ထမ်းများအား သင်တန်းပေး၍ တောင်သူလယ်ယာကွင်းထဲအရောက် လေ့လာသည့်စနစ်ပုံစံ(Training and Visit System)၊ (၂) သုတေသနစိုက်ကွင်းများ၌ သရုပ်ပြစိုက်ပြထားပြီး တောင်သူများအား ဖိတ်ကြားပြသသည့် နည်းစနစ်ပုံစံ (Field Day; Demonstration Plot System)၊ (၃) လူထုဆက်သွယ်ရေးလမ်းကြောင်း အမျိုးမျိုးဖြင့် နည်းပညာအသစ်များကို တောင်သူဆီအရောက်ပို့ဆောင်ပေးသည့်နည်းစနစ် (Mass Media Method) (ဥပမာ "စိုက်ပျိုးရေးသတင်းဂျာနယ်၊ ရေဒီယို၊ တီဗွီ"တောင်သူကြီးများရုပ်သံ (Farmer Channel) စသည်ဖြင့်)၊ (၄) တောင်သူလယ်ယာမြေစိုက်ကွင်းများ၌ပင် တောင်သူများအား သင်ပေးသည့်နည်းစနစ်ပုံစံ (Farmer Field School System)၊ (၅) တောင်သူများနှင့်အတူတူ ပူးတွဲလေ့လာ၍ သူတို့၏လိုအပ်ချက်များ သုံးသပ်ဆန်းစစ်၍ အကဲဖြတ်ဖြည့်ဆည်းသည့် နည်းစနစ်ပုံစံ Participatory Rural Appraisal System (PRA); Rapid Rural Appraisal System (RRA) စသည်ဖြင့် မိမိဒေသ ရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့်ပုံစံများ နည်းအမျိုးမျိုးဖြင့် တောင်သူပညာပေးလေ့ရှိပါသည်။

မြန်မာနိုင်ငံ၌ ၁၉၇၇-၇၈ ခုနှစ်တွင် မြို့နယ်လုံးကျွတ် အထူးအထွက်တိုး စပါးစိုက်ပျိုးနည်းစနစ်ပုံစံ (The Whole Township Rice High Yielding Variety - HYV Growing System)ကို တိုက်ကြီးနှင့်ရွှေဘိုမြို့များ၌ ပြုလုပ်ခဲ့သည့် သာဓကလည်းရှိခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က နိုင်ငံအတော်များများမှာ ယခင်အထက်မှ ညွှန်ကြားခိုင်းသည့်အတိုင်း လိုက်လုပ်သည့်ပုံစံ (Top Down Approach) ကျင့်သုံးခဲ့ပါသည်။ တောင်သူများထံ နည်းပညာလွှဲပြောင်းမှု (The transfer of Technologies to the Farmers) သည် (ဥပမာ - ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူး၊ ခရိုင်မန်နေဂျာ၊ မြို့နယ်မန်နေဂျာ)မှ ဆုံးဖြတ်မှုအဆင့်ဆင့်ဖြတ်သန်းပြီး တောင်သူများနှင့် တိုက်ရိုက်ထိတွေ့ရသော အောက်ခြေပညာပေးဝန်ထမ်း (Junior Extension Workers) များမှာ ခိုင်းသမျှလုပ်ရပါသည်။

> **ယခုမူ ကမ္ဘာ့နိုင်ငံအသီးသီး၌ အောက်ခြေပညာပေးဝန်ထမ်းနှင့် တောင်သူများ ထိတွေ့ဆွေးနွေးကာ (Problem-Based Discussion) အဓိကပြဿနာကို ရှာဖွေဖော်ထုတ်ပြီး အထက်သို့တင်ပြကာ အကောင်းဆုံးသောဖြေရှင်းမှုကို ရယူသောပုံစံ (Bottom Up Approach) ဖြင့် အောင်မြင်စွာကျင့်သုံးလျက်ရှိ**

ယခုမူ ကမ္ဘာ့နိုင်ငံအသီးသီး၌ အောက်ခြေပညာပေးဝန်ထမ်းနှင့်တောင်သူများ ထိတွေ့ဆွေးနွေးကာ (Problem-Based Discussion) အဓိကပြဿနာကို ရှာဖွေဖော်ထုတ်ပြီး အထက်သို့တင်ပြကာ အကောင်းဆုံးသော ဖြေရှင်းမှုကိုရယူသောပုံစံ (Bottom Up Approach) ဖြင့် အောင်မြင်စွာကျင့်သုံးလျက်ရှိပါသည်။ တကယ်စိုက်ပျိုးလုပ်ကိုင်နေသော တောင်သူသည်သာလျှင် ဆုံးဖြတ်ချက်ချသူ (The decision makers) ဖြစ်ပြီး ပညာပေးဝန်ထမ်းနှင့် အခြားသူတို့မှာ ကြားဝင်အကြံဉာဏ်ပေး၊ ဖြေရှင်းပေးသူများဖြစ်ပြီး တူညီသော ရည်ရွယ်ချက်ဦးတည်ချက်ရှိ၍ လုပ်သင့်သည်များကို အပြုသဘောဆောင်၍ လုပ်ဖြစ်သွားအောင်ပံ့ပိုးပေးသောသူ (Facilitators) သာ ဖြစ်နေပါသည်။

ကျွန်တော်သြစတြေးလျနိုင်ငံ ကွင်းစလန်တက္ကသိုလ် (University of Queensland) တွင် ၁၉၈၇ - ၁၉၈၉ ခုနှစ်များ၌ မဟာစိုက်ပျိုးရေးသိပ္ပံသင်တန်း တက်ရောက်စဉ်က ကွင်းဆင်းလေ့လာရသော ဘာသာရပ်ကို လုပ်ဆောင်ရာတွင် တောင်သူပညာပေးရုံး (Agricultural Extension Office) ကို လေ့လာခဲ့ရပါသည်။ ထိုနိုင်ငံတွင် ထိုအချိန်က မြို့နယ်အဆင့်၊ ကျေးရွာအုပ်စုအဆင့်တွင် တိုးချဲ့ပညာပေးရေးရုံးမှာ တစ်ရုံးထဲသာလျှင်ရှိပါသည်။

သူတို့ဝန်ထမ်းများမှာ သူ့ကျွမ်းကျင်မှုအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးကုသရေး၊ ရေသွင်းရေထုတ် (Water Management)၊ စက်မှုလယ်ယာ (Farm Mechanization) အကုန်လုပ်ပါသည်။ ကျွန်တော်တို့နိုင်ငံမှာ ရုံးတွေများနေ၍ ဆက်သွယ်ရသည်မှာ အခက်အခဲဖြစ်နေသလားဆိုတာ စဉ်းစားကြည့်မိနေပါသည်။

၂၀၁၃ ခုနှစ်ကလည်း ဂျာမနီနိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) တစ်ခုတွင် အလုပ်လုပ်နေသော စိုက်ပျိုးရေးဘွဲ့ရတပည့်တစ်ဦးက ဖိတ်ကြား၍ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်ကို လေ့လာရေးခရီးရောက်ရှိခဲ့ပါသည်။ သူတို့လုပ်ကိုင်နေသော တိုးချဲ့ပညာပေးရေးစနစ်ကို လေ့လာကြည့်ရာ သူက ကျွန်တော့်ကို ပြောပါသည်။ သူတို့ရုံးမှာ ရုံးပိုင်ဆိုင်ကယ် အစီး ၂၀ ခန့် ဆီအပြည့်ဖြည့်ထားပြီး ပေါက်မြို့နယ်ရှိ ကျေးရွာများကို တစ်ရွာဝင်တစ်ရွာထွက် စိုက်ပျိုးရေးပြဿနာများကို ကူညီဖြေရှင်းပေးနေပါသည်။ သူက "ကျွန်တော်တို့ မရောက်ဘူးတဲ့ရွာ မရှိဘူးဆရာ၊ အစွန်အဖျားရွာတွေအထိ ရောက်ဖူးတယ်။ ဗုဒ္ဓဟူးနေ့တိုင်း ပြန်လည်သုံးသပ်အစည်းအဝေး (Review Meeting) နဲ့ ရုံးလုပ်ငန်း (Office Works) တွေ လုပ်ပါတယ်၊ တနင်္ဂနွေတစ်ရက်ပဲနားပါတယ်"ဟု စီကာပတ်ကုံးပြောပြပါသည်။ သို့သော် ဘယ်နည်းစနစ်ဖြစ်ဖြစ် အားနည်းချက်၊ အားသာချက်တွေရှိပါလိမ့်မည်။ အဓိကမှာမူ စပါးတစ်ဧက တင်း ၂၀၀ အထက်ထွက်ရှိအောင် ဘယ်အချက်တွေက တောင်သူတွေ၏ လိုအပ်ချက်ဖြစ်မည်လဲ။ ဥပမာ "မျိုး-ပုလဲသွယ် စိုက်မည်လား၊ ငွေလုံးလောက်ရဲ့လား၊ ရေသွင်းရေထုတ်မှန်ရဲ့လား၊ စက်မှုလယ်ယာ စသဖြင့်။

စိုက်ပျိုးရေးတိုးချဲ့ပညာပေးရေးကို မူလပထမ သင်ကြားပေးခဲ့ရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ကို ပြန်ကြည့်ရအောင်ပါ။ နိုင်ငံတကာတက္ကသိုလ်များမှာ စိုက်ပျိုးရေးပညာနှင့် စိုက်ပျိုးရေးတိုးချဲ့ပညာပေးရေးဌာနများ (Agricultural Education and Agricultural Extension Departments) များ သီးသန့်ရှိပြီး စိုက်ပျိုးရေးပညာဘွဲ့၊ မဟာစိုက်ပျိုးရေးသိပ္ပံ၊ ပါရဂူဘွဲ့အထိ သင်ကြားပေးလျက်ရှိပါသည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် စိုက်ပျိုးပညာပေးရေးဘာသာရပ်ကို လယ်ယာသီးနှံစိုက်ပျိုးရေးဌာနအောက်တွင်သာ သင်ကြားလျက်ရှိပြီး လက်ရှိကျွမ်းကျင်သူ ဆရာမ တစ်ဦးသာလျှင် ရှိပါသည်။ ယနေ့တွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် လက်ရှိပူးတွဲလုပ်ဆောင်နေသော ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေးဌာန (KOICA)၊ သြစတြေးလျအပြည်ပြည် ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေးဌာန (ACIAR)၊ အိန္ဒိယစိုက်ပျိုးရေး သုတေသနဌာန (IARI)နှင့် ဆွာမိနာသန် ဖောင်ဒေးရှင်း (MSSRF) အဖွဲ့အစည်းများ၏ အကူအညီဖြင့် စိုက်ပျိုးတိုးချဲ့ပညာပေးရေး ဘာသာရပ် (Agricultural Extension Specialization) ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာသို့ ပညာတော်သင်များ စေလွှတ်ရန်၊ ဘာသာရပ်တိုးချဲ့သင်ကြားရန်၊ စီစဉ်ဆောင်ရွက်လျက်ရှိနေပါကြောင်း ရေးသားလိုက်ရပါသည်။

## မြို့နယ်တရားရုံးနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်များဖွင့်

**မော်လမြိုင် မေ ၂၅**

ကျိုက်ထိုမြို့နယ် တရားရုံးအဆောက်အအုံသစ်နှင့် ကျိုက်ထိုမြို့နယ်တရားရုံးအရာထမ်း/အခြားအဆင့်ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက ကျိုက်ထိုမြို့ အေးရိပ်ငြိမ်မြို့ကွက်သစ်တွင် ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် မွန်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ရုံးဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ကျိုက်ထိုမြို့နယ် တရားရုံးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးနောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ မွန်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် Best Friend ဆောက်လုပ်ရေးကုမ္ပဏီမှတာဝန်ရှိသူတို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြပြီး ကျိုက်ထိုမြို့နယ် တရားရုံးဆိုင်းဘုတ်ကို မွန်ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အဆောက်အအုံသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို ပေးအပ်ခဲ့သည်။ ယင်းနောက် မြို့နယ်တရားရုံးအဆောက်အအုံကမ္ပည်းမော်ကွန်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြပြီး တရားရုံးသစ်အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ လှည့်လည်စစ်ဆေးခဲ့ကြကြောင်း သိရသည်။

(၁၀၇)



## သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်



**ဂန့်ဂေါ မေ ၂၅**

ဂန့်ဂေါမြို့ မြို့မဈေးအနီးရှိ ဈေးပတ်လမ်း သစ်သားတံတားကို ကွန်ကရစ် တံတားအဖြစ်သို့ အဆင့်မြှင့်တင်တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းတည်ဆောက်ဆဲ ဈေးပတ်လမ်း ကွန်ကရစ်တံတားသည် အရှည် ခြောက်ပေ၊ အကျယ် ၁၈ ပေရှိပြီး ငွေကျပ် ၁၂၀၀၀၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယင်းလမ်းတစ်လျှောက် လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ရေးလုပ်ငန်းကိုလည်း အဖွဲ့ပိုင်ယန္တရားဖြင့် တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပြောကြားသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

## ကျုံကျအခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ဖွင့်

**ဝါးခယ်မ မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျုံကျကျေးရွာ ကျုံကျအခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို မေလပထမအပတ်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်အတွက် အလှူရှင်များမှာ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစောမြသိန်းနှင့် ဇနီးဒေါ်သင်းသင်းမြတ်မိသားစုက ငွေကျပ်သိန်း ၇၀၊ ရွှေဇင်ယော်ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၇၀၊ Lion Class Internation ကိုရီးယားက ငွေကျပ်သိန်း ၇၀၊ ပြည်သူများထည့်ဝင်ငွေကျပ်ခြောက်သိန်းတို့ဖြင့် ဆောက်လုပ်ခဲ့ပြီး အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေ Steel Structure ဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေမှာ ၂၁၆ သိန်းဖြစ်ကြောင်း သိရသည်။

**ဝါးခယ်မမြင့်ဦး**

အမြို့မြို့အနယ်နယ်ပျံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

# ရေး၌သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု များပြားနေ

**ရေး မေ ၂၅**

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားလေ့ရှိသော မိုးဦးကျကာလတွင် မွန်ပြည်နယ် ရေးမြို့နယ်အတွင်း၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု များပြားလျက်ရှိကာ ရေးမြို့ ကုတင် ၅၀ ဆံ့ပြည်သူ့ဆေးရုံ၌ အရေးပေါ် ဆေးဝါးကုသခံယူနေသူများလည်း များပြားလျက်ရှိကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ခံစားရသဖြင့် ရေးမြို့နယ်ဆေးရုံသို့ လာရောက်ကုသနေသူ လူနာဦးရေမှာ မေ ၂၃ရက်အထိ ၄၀မှ ၅၀ ဝန်းကျင်ရှိနေကြောင်း၊ လူနာများအတွက် ဆေးရုံ၌ ဆေးဝါးအလုံအလောက်ရှိသော်လည်း သွေးလွန်တုပ်ကွေးရောဂါလူနာအရေအတွက် များပြားလာသဖြင့် အခြားလူနာများနှင့် သွေးလွန်တုပ်ကွေး လူနာများကိုထားရန် နေရာထိုင်ခင်း အခက်အခဲများ ကြုံတွေ့နေရကြောင်းသိရသည်။ သွေးလွန်တုပ်ကွေးရောဂါကြောင့် အသက်သေဆုံးသူများမရှိသော်လည်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှုန်းမှာ ဆက်လက်မြင့်မားလာနေကြောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ခံစားနေရသူများတွင် ကလေးသူငယ်များအပြင် ၁၀နှစ်အထက် ကလေးများလည်း ပါဝင်နေကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ခံစားနေရသူများအား ရေးမြို့ဆေးရုံ၌ ကုသပေးလျက်ရှိသည့်အပြင် ရောဂါဖြစ်ပွားမှု အရှိန်လျှော့ချထိန်းချုပ်နိုင်ရန်လည်း ကျန်းမာရေးလုပ်သားများနှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမြင့်တက်နေသော မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ကွင်းဆင်း၍ ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းစီမံချက်များကို အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးလုပ်သားတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **နေမျိုးထွဋ်(ရေး)**

> ဆေးရုံ၌ ဆေးဝါး အလုံအလောက်ရှိသော်လည်း လူနာအရေအတွက် များပြားသဖြင့် နေရာထိုင်ခင်းအခက်အခဲ ကြုံနေရ . . .



**သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရပါက ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန်အတွက် ဇာတ်တိုက်လေ့ကျင့်မှုကို ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့၌ နယ်မြေမီးသတ်စခန်း ဒုတိယဦးစီးမှူး ဦးမြင့်သူ ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ မေ ၂၃ ရက်က လေ့ကျင့်စဉ်။** စိုးမင်းဦး(iprd)

## သတင်းတိုများ

### နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကျေးရွာမှ ဒေသခံပြည်သူများအား မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မေ ၂၃ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အင်းတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းမြစိုးလှိုင်နှင့် ဝန်ထမ်းများက လာရောက်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အသက် ၁၀နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများ၊ ပျောက်ဆုံး ပျက်စီးသွားသူများအား နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ် ၇၉ ကတ်ကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းအပြင် ဟောင်းနွမ်းစုတ်ပြဲနေသော အိမ်ထောင်စုစာရင်းစာရွက်များကိုလည်း လဲလှယ်ပေးခဲ့ကြောင်း သိရသည်။ **(၁၇၁)**

### ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲကျင်းပ

မိုးကောင်းမြို့နယ် ရေရှင်ကျေးရွာအုပ်စု လေးမိုင်ကျေးရွာ၌ ကျေးရွာကျောင်းတိုက်ပဓာနနာယကဆရာတော်မှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲကို မေ ၂၃ ရက်က ကျင်းပရာ ဆရာတော်က ဩဝါဒချီးမြှင့်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနွယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းကျောင်းသားကျောင်းသူများမှ ထူးချွန်သူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ သင်တန်းသို့ ကျောင်းသားကျောင်းသူ ၁၈၈ ဦးတက်ရောက်ပြီး သင်တန်းကို ၁၀ ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။ **(၀၆၂)**




# ပုဂံမြို့သစ်၌ ပလတ်စတစ်ကင်းစင်ရေး စုပေါင်းလုပ်အားပေး

**ညောင်ဦး မေ ၂၅**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ပလတ်စတစ်အမှိုက်များ ကင်းစင်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် မေ ၂၃ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပန်းပျိုးလက်၊ ဘဝအလင်း၊ ချမ်းရိပ်မြေနှင့် ရွှေ့သို့စသည့် ပညာရေး ဘော်ဒါဆောင်များမှ ကျောင်းသား ကျောင်းသူများ ပူးပေါင်း၍ ပုဂံမြို့သစ် ကျန်စစ်သားရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းမြောက်ဘက်ရှိ ကျောင်းသားကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ အသုံးပြုသွားလာနေသည့် မဥ္စူလမ်းသွယ်ဘေးပတ်ဝန်းကျင်၌ စွန့်ပစ်ထားသော ပလတ်စတစ်အမှိုက်များကို သိမ်းဆည်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက စွန့်ပစ်ပလတ်စတစ် အမှိုက်များလျော့နည်း ပပျောက်စေရေးအတွက် Collect- Carry- Change စသည့် လုပ်ငန်းစဉ်သုံးရပ်ဖြင့် အဆင့်ဆင့် ဆောင်ရွက်လာနိုင်ခဲ့ခြင်းကြောင့် ပုဂံမြို့သစ်၌ ယခင်အခြေအနေထက် အမှိုက်များလျော့နည်းလာကြောင်း ပြောကြားပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ရေးတို့ကို ဟောပြောခဲ့သည်။ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းလုပ်ဆောင်မှုကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးအောင်နှင့်တာဝန်ရှိသူများက လာရောက်ကြည့်ရှု အားပေးခဲ့သည်။ **ရဲသူရအောင် (ညောင်ဦး)**





# ကျေးရွာများသို့ သောက်သုံးရေလှူဒါန်း

**သာစည် မေ ၂၅**

မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသောကျေးရွာများ၌ သောက်သုံးရေရရှိရေးအတွက် မြို့နယ်တာဝန်ရှိသူများက ရေတွင်းများ တူးဖော်ပေးခြင်း၊ ရေကားများဖြင့် သွားရောက်ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်နေသကဲ့သို့ လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သော စေတနာရှင်လူမှုကူညီရေးအသင်းကလည်း ကျေးရွာများ သောက်သုံးရေ အဆင်ပြေနိုင်ရေးအတွက် ရေကားဖြင့် သွားရောက်လှူဒါန်းပေးလျက်ရှိရာ မေ ၂၃ ရက်က အောင်သာကျေးရွာအုပ်စု အောင်မြင်သာကျေးရွာသို့ ရေစည် ၅၀ဆံ့ ရေသယ်ကားဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

စေတနာရှင်လူမှုကူညီရေးအသင်းသည် ပထမအကြိမ်အဖြစ် သမန်းကျားကျေးရွာသို့ သောက်သုံးရေလှူဒါန်းခဲ့ပြီးဖြစ်ကာ အောင်မြင်သာကျေးရွာသို့ ဒုတိယအကြိမ်လှူဒါန်းခြင်းဖြစ်သည်။ **ထွန်းထွန်း(သာစည်)**

# သဘာဝစိမ့်စမ်းရေရရှိရေး လုပ်ငန်းဆောင်ရွက်ရန် အကူအညီလိုအပ်နေ

**အင်းတော် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင်ဝဲကျေးရွာအုပ်စု ဖားပန်ကျေးရွာ၌ သဘာဝစိမ့်စမ်းရေရရှိရေးအတွက် ဒေသခံရွာသူရွာသားများမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာနှင့်တစ်မိုင်ခန့်ကွာဝေးသည့် စိမ့်ရေပေါက်မှရေကို ကျေးရွာသို့ သွယ်ယူရရှိနိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေကြခြင်းဖြစ်ပြီး ရေသိုလှောင်ကန်ကို အလျား ပေ ၄၀၊ အနံ ပေ ၂၀၊ အမြင့် ၁၀ရှိ မြေသားကန်အဖြစ် တူးဖော်ထားကာ ရေပိုက်သွယ်တန်းမည့် လမ်းကြောင်းကိုလည်း တူးဖော်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဖားပန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်က မိန့်ကြားသည်။ စိမ့်စမ်းရေ သွယ်ယူရရှိရေးကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော်လည်း ငွေကြေးအင်အားမတတ်နိုင်သဖြင့် ပြီးစီးအောင် မဆောင်ရွက်နိုင်သေးကြောင်း၊ ဖားပန်ကျေးရွာတွင် အိမ်ခြေ ၃၇ အိမ်ရှိပြီး လျှပ်စစ်မီးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တပ်ဆင်ပေးထားသည့် ဆိုလာစနစ်ကိုသာ သုံးစွဲနေကြရသဖြင့် သဘာဝစိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းဆောင်ရွက်နေမှုမှာ အောင်မြင်နိုင်ရန် အကူအညီလိုအပ်လျက်ရှိကြောင်း သိရသည်။ **ခင်မောင်ဆွေ**




# နယ်လှည့်ဆေးကုသမှုများ အခမဲ့ဆောင်ရွက်



**မင်းဘူး မေ ၂၅**

မကွေးတိုင်းဒေသကြီးမင်းဘူး(စကု)မြို့နယ် မကျီးသုံးပင်ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် အလှူရှင်များ ပူးပေါင်း၍ ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှု နယ်လှည့်အခမဲ့ဆေးကုသခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာသန်းဦးနှင့် ဆရာဝန်၊ ဆရာမများက မေ ၂၁ ရက်မှ ၃၀ ရက်အထိ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ စုရပ်ကျေးရွာအုပ်စုအသီးသီးတွင် ဆေးဝါးများ အခမဲ့ကုသပေးသွားမည်ဖြစ်ပြီး မကျီးသုံးပင်ကျေးရွာ၌ မေ ၂၁ ရက်တွင် လူနာပေါင်း ၈၀၀ ကျော်ကို အခမဲ့ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအဖြစ် ကျေးရွာအရောက် ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေးခြင်းဖြစ်သည်။ အစိုးရမဟုတ်သော လူမှုရေးအသင်း အဖွဲ့များ၊ အလှူရှင်များနှင့် ပူးပေါင်းကာ အခမဲ့ဆေးကုခြင်းများကို လအလိုက် စီမံချက်များချမှတ် ဆောင်ရွက်နေခြင်းဖြစ်သည်။

အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နေမှုကိုတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ပြီး ဆေးကုသမှု ဆောင်ရွက်ပေးသော ဒေါက်တာသန်းဦးနှင့် ဆရာဝန်များအား နှုတ်ဆက်ကာ ဆေးကုသမှု လာရောက်ခံယူသော မကျီးသုံးပင်ကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများကိုလည်း အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မကျီးသုံးပင် အလယ်တန်းကျောင်းခွဲမှ ဆရာဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် အဌမတန်းသို့တက်ရောက်မည့် ကျောင်းသားကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများဖြစ်သော ကွန်ပါဘူးနှင့် ဗလာစာအုပ်များကို ပေးအပ်ခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**


# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

အစိုးရသစ်လက်ထက် ၂၀၁၀ နောက်ပိုင်း (၅)နှစ်ကာလအတွင်း ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစား၊ နိုင်ငံအတွင်းသဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်နေရာများနှင့် စစ်ဘေးရှောင်ပြည်သူများအားလှူဒါန်းခြင်း၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး နှင့် အခြားကဏ္ဍအသီးသီးအတွက် ၆၄ ဘီလီယံကျော်(ကျပ်သန်းပေါင်း ၆၄,၀၀၀ကျော်)ကို လှူဒါန်းခဲ့ပြီး၊ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းများအား စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းကြောင့် ၁၅.၅.၂၀၁၅ ရက်နေ့၊ နေပြည်တော်၌ကျင်းပပြုလုပ်သည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်

နိုင်ငံတော်သမ္မတ၏ "နိုင်ငံ့စွမ်းဆောင်ရည်ဆု"

(နိုင်ငံတော်နှင့်ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)ကို

**Kempinski Hotel Nay Pyi Taw - ဥက္ကဋ္ဌ**

**"ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"**

အား ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုဆိုင်ရာကဏ္ဍအသီးသီးတွင် ဆထက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်းဆုမွန်ကောင်းများတောင်းအပ်ပါသည်။

Kempinski Hotel
Nay Pyi Taw
MYANMAR

အထွေထွေမန်နေဂျာနှင့် ဝန်ထမ်းများ
**Kempinski Hotel Nay Pyi Taw**

# ချန်ပီယံလိဂ် ဗိုလ်လုပွဲနဲ့ ဘာစီလိုနာ

မိုးမြင့်လင်းလက်




ဒီနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲကတော့ ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ဇွန် ၇ ရက်မှာ ဘာစီလိုနာနဲ့ ဂျူဗင်တပ်တို့ ယှဉ်ပြိုင်ကစားကြတော့မှာ ဖြစ်ပါတယ်။ ကမ္ဘာ့အကောင်းဆုံးကလပ်အဖြစ် သက်သေပြဖို့ အကောင်းဆုံး အခွင့်အရေးဖြစ်တဲ့ ဒီဗိုလ်လုပွဲကို ကမ္ဘာတစ်ဝန်းက ပရိသတ် သန်းပေါင်းများစွာက ရုပ်မြင်သံကြားကတစ်ဆင့် အားပေးကြည့်ရှုကြမှာဖြစ်ပါတယ်။

ဒီဗိုလ်လုပွဲကို ရောက်ရှိလာတဲ့ အသင်းနှစ်သင်းထဲမှာ နာမည်ကြီး ဘာစီလိုနာရဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲ အစဉ်အလာကို သုံးသပ်ကြည့်ရင် အောင်မြင်မှုတွေ၊ ကျရှုံးမှုတွေနဲ့ ပြည့်နှက်နေပေမယ့် အောင်မြင်မှုတွေကို ရင်ဝယ်ပိုက်ပြီး အောင်ပွဲခံရမှုတွေများနေခဲ့တာတော့ အမှန်ပါပဲ။

ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ သမိုင်းကိုကြည့်ရင် ဘာစီလိုနာတို့ ဗိုလ်လုပွဲအဆင့်ကို စုစုပေါင်း ရှစ်ကြိမ်တက်ရောက်နိုင်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ အခုအကြိမ် ဗိုလ်လုပွဲတက်ရောက်မှုမပါ ကျန်တဲ့ခုနစ်ကြိမ်တက်ရောက်ခဲ့ရာမှာ ဘာစီလိုနာတို့ လေးကြိမ်ဗိုလ်စွဲခဲ့ပြီး သုံးကြိမ်ကတော့ ဒုတိယနဲ့ ကျေနပ်ခဲ့ရတာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဗိုလ်စွဲခဲ့တဲ့ အကြိမ်တိုင်းမှာ ဗိုလ်လုပွဲကို အင်္ဂလန်၊ ပြင်သစ်နဲ့အီတလီတို့မှာ ကစားခဲ့တာဖြစ်ပါတယ်။ အခုဗိုလ်လုပွဲကတော့ ဂျာမနီနိုင်ငံဖြစ်နေတာမို့ ငါးကြိမ်မြောက် ဗိုလ်စွဲဖို့ အလားအလာကောင်းတွေလည်း ရှိနေခဲ့ပါတယ်။

၁၉၉၁-၁၉၉၂ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲကို အင်္ဂလန်နိုင်ငံမှာ ဆမ်ဒိုးရီးယားအသင်းနဲ့ ကစားတဲ့အခါ ဘာစီလိုနာတို့က တစ်ဂိုး ဂိုးမရှိနဲ့ နိုင်ပြီး ချန်ပီယံလိဂ်ဖလားကို ပထမဆုံး ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီမှာတော့ ပြင်သစ်နိုင်ငံမှာကစားတဲ့ ဗိုလ်လုပွဲမှာ အာဆင်နယ်အသင်းကို နှစ်ဂိုးပြတ်နဲ့နိုင်ပြီး ဒုတိယအကြိမ်မြောက် ချန်ပီယံလိဂ်ဖလား ရရှိခဲ့ပြန်ပါတယ်။

ဒ့ါအပြင် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီမှာ အီတလီနိုင်ငံမှာ ကစားခဲ့တဲ့ ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ မန်ယူအသင်းကို နှစ်ဂိုးပြတ်နိုင်ပွဲရခဲ့ပြီး တတိယအကြိမ်မြောက် ချန်ပီယံလိဂ်ဖလားရယူနိုင်ခဲ့ပြန်ပါတယ်။ ဆက်လက်ပြီး ၂၀၁၀-၂၀၁၁ ဘောလုံးရာသီမှာတော့ မန်ယူအသင်းကိုပဲ သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပြီး စတုတ္ထအကြိမ်မြောက် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့ပြန်ပါတယ်။

ဒါကြောင့် အခု ဂျာမနီမြေမှာကစားမယ့် ဗိုလ်လုပွဲမှာ ဘာစီလိုနာတို့ ပြိုင်ဘက်ဂျူဗင်တပ်ကို နိုင်ပွဲရအောင်ကစားပြီး ချန်ပီယံလိဂ်ဖလားကို သိမ်းပိုက်နိုင်မလားဆိုတာ စိတ်ဝင်စားစရာ ဖြစ်နေပါတယ်။ ဘာစီလိုနာနဲ့ ဂျူဗင်တပ်တို့ နှစ်သင်းကိုကြည့်ရင် ယေဘုယျအနေနဲ့ ဘာစီလိုနာတို့က တစ်ဦးချင်းရော အသင်းလိုက်ပါ ခြေစွမ်းပိုင်း မယှဉ်နိုင်အောင်သာလွန်နေပေမယ့် ဖလားရလိုမှု စိတ်ဓာတ်ပြင်းပျတဲ့အပိုင်းမှာတော့ ဂျူဗင်တပ်ကို မယှဉ်နိုင်ပါဘူး။

ဒီနှစ်မှာ ဆုဖလားသုံးလုံးရယူဖို့ ကြိုးစားနေတဲ့ ဘာစီလိုနာဟာ နည်းပြအင်းနရစ်ကြောင့် လက်တွေ့အကောင်အထည်ဖော်ဖို့ လက်တစ်ကမ်းအကွာမှာ ရောက်ရှိနေပြီဖြစ်ပါတယ်။ အောင်မြင်မှုတွေနဲ့ ပြည့်လျှံနေတဲ့ ဘာစီလိုနာကစားသမားတွေကို နိုင်ပွဲမှတ်သိပ်နေတဲ့ ဂျူဗင်တပ်တို့က စနစ်တကျနဲ့ ပြင်ဆင်ပြီး ခုခံပါလိမ့်မယ်။

ဒါပေမယ့် မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့ရဲ့ ကမ္ဘာကျော် တိုက်စစ်အတွဲက ဂျူဗင်တပ်ခံစစ်မှူးတွေကို နေရာစုံကထိုးဖောက်ပြီး ဂိုးရအောင်သွင်းယူဖို့ ကြိုးစားမှာမို့ ဒီပွဲဟာ ဘာစီလိုနာပရိသတ်တွေရဲ့ အောင်ပွဲခံတေးသံတွေ လွင့်ပျံ့နေအုံးမယ့်ပွဲဖြစ်ပါလိမ့်မယ်။ ။





## နူးကမ့်မှာ ၂၄ နှစ်တာ အချိန်ကုန်လွန်ခဲ့တဲ့ ဇာဗီ

ဘာစီလိုနာအသင်းရဲ့ အသင်းခေါင်းဆောင် ဇာဗီဟာ ဒီပို့တီဗိုနဲ့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့တဲ့ပွဲမှာ နောက်ဆုံးပရိသတ်ကို နှုတ်ဆက်ထွက်ခွာသွားခဲ့ပါပြီ။ အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဇာဗီဟာ ဘာစီလိုနာအသင်းနဲ့အတူ ၂၄ နှစ်ကြာ ကစားခဲ့တာပါ။ ဇာဗီအနေနဲ့ ဒီပွဲမှာ ပွဲပြီးဖို့ ငါးမိနစ်အလိုမှာ ကွင်းထဲက ထွက်သွားချိန်မှာ ကစားဖော်တွေက ဝိုင်းဖက်ပြီး နှုတ်ဆက်ခဲ့ကြပါတယ်။ ဘာစီလိုနာ ကစားသမားတိုင်းက ဇာဗီကို ဂုဏ်ပြုတဲ့ အထူးရုပ်အင်္ကျီတွေ ဝတ်ဆင်ထားကြပါတယ်။ ဇာဗီက သူ့အနေနဲ့ ရာသီအကုန်မှာ စပိန်ချန်ပီယံပြိုင်ပွဲမှ ထွက်ခွာပြီဖြစ်ကြောင်း ကြေညာလိုက်ပါတယ်။ သူဟာ ကာတာအခြေစိုက် အယ်လ်ဆက်ဒ်အသင်းမှာ သွားရောက်ကစားမှာဖြစ်ပါတယ်။ သူ့အနေနဲ့ အသက်အရွယ်ရလာချိန်မှာ ဘောလုံးအတွေ့အကြုံတွေကို ကာတာကလပ်မှာ မျှဝေပေးသွားမယ်လို့ ဆိုပါတယ်။ သူဟာ ကမ္ဘာမှာအပျော်ဆုံးလူသားလို့ ဇာဗီက ပရိသတ်ကို ပြောဆိုခဲ့ပါတယ်။ ဘာစီလိုနာအသင်းဟာ ဒီနှစ်အတွက် ဖလားနှစ်လုံးနဲ့ ကျေနပ်မှာ မဟုတ်ကြောင်း၊ ဇွန် ၇ ရက်မှာ ဘာစီလိုနာအသင်းနဲ့အတူ တစ်ဖန်လာရောက်အောင်ပွဲခံစေလိုကြောင်း နည်းပြအန်းနစ်က ပြောဆိုလိုက်ပါတယ်။

## ဘာနေဗျူးကအလုပ်ဖြုတ်ခဲ့မယ်ဆိုရင်

ဒီနှစ် စပိန်လာလီဂါမှာ ဖလားလက်မဲ့ဖြစ်ခဲ့ရတဲ့ အန်ဆယ်လော့တီရဲ့ အနာဂတ်ကတော့ မရေမရာ အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။ အကယ်၍ ဘာနေဗျူးက သူ့ကို အလုပ်ဖြုတ်ခဲ့မယ်ဆိုရင် သူ့အနေနဲ့ နည်းပြအလုပ်ကို တစ်နှစ်ကြာ ရပ်နားထားမယ်လို့ ပြောဆိုလိုက်ပါတယ်။ အသက် ၅၅ နှစ်ရှိပြီဖြစ်တဲ့ အီတလီနိုင်ငံသား အန်ဆယ်လော့တီဟာ ရီးရဲမက်ဒရစ်နဲ့ သုံးနှစ်စာချုပ်ထားရာမှာ တစ်နှစ်သာကျန်ပါတော့တယ်။ နာပိုလီနည်းပြရာဖေးလ်ဘင်နီတက်ဇ်ကို အစားထိုးလိမ့်မယ်လို့ ထင်ကြေးပေးနေချိန်မှာ အန်ဆယ်လော့တီကို ရီးရဲမက်ဒရစ်က လာမယ့်သီတင်းပတ်မှာ ဆွေးနွေးမယ်လို့ ဆိုပါတယ်။ “ကျွန်တော်ရဲ့အနာဂတ်က ရှင်းပါတယ်။ ကျွန်တော် ရီးရဲမက်ဒရစ်မှာပဲ နည်းပြဆက်လုပ်မှာပါ။ ရီးရဲမက်ဒရစ်က အလုပ်ဖြုတ်လိုက်မယ်ဆိုရင်တော့ နည်းပြလုပ်တဲ့အလုပ်ကို တစ်နှစ်ကြာ ရပ်နားထားမှာဖြစ်ပါတယ်”လို့ အန်ဆယ်လော့တီက ဆိုပါတယ်။ အန်ဆယ်လော့တီဟာ ပြီးခဲ့တဲ့ရာသီက ရီးရဲမက်ဒရစ်ကို ၁၀ ကြိမ်မြောက် ချန်ပီယံလိဂ် ဖလားကို ဆွတ်ခူးပေးနိုင်ခဲ့သူပါ။ ဒီနှစ်မှာတော့ လာလီဂါမှာ ဒုတိယနဲ့သာ ကျေနပ်ရပါတယ်။ လာမယ့်ရာသီအတွက် ချန်ပီယံလိဂ်ဝင်ခွင့်နေရာရအောင်တော့ ကြိုးစားပေးနိုင်ခဲ့ပါတယ်။






## ဂိုးအများဆုံးစံချိန်နဲ့ လာလီဂါကို အဆုံးသတ်သွားတဲ့ စီရော်နယ်ဒို

ယခုနှစ် စပိန်လာလီဂါကတော့ ပြီးဆုံးသွားခဲ့ပါပြီ။ ရီးရဲမက်ဒရစ်တို့ ဖလားများနဲ့ လွဲချော်ခဲ့ပေမယ့် တိုက်စစ်မှူး စီရော်နယ်ဒိုကတော့ ယခုနှစ် ရာသီမှာ ဂိုးပေါင်း ၆၁ ဂိုးနဲ့ ဂိုးအများဆုံး စံချိန်တင်သွားခဲ့ပါတယ်။ ရီးရဲမက်ဒရစ်တို့ နောက်ဆုံးပွဲအဖြစ် ဂီတာဖေးလ်နဲ့ ကစားရာမှာ ခုနှစ်ဂိုး သုံးဂိုးနဲ့ အနိုင်ရရှိသွားခဲ့ပါတယ်။ ဒီပွဲမှာ စီရော်နယ်ဒိုက ပထမပိုင်းမှာပဲ ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့နိုင်ပါတယ်။ စီရော်နယ်ဒိုဟာ ၂၀၁၁-၂၀၁၂ ရာသီက ဂိုးပေါင်း ၆၀ သွင်းယူခဲ့တဲ့နှစ်ကထက် ဒီနှစ်မှာ တစ်ဂိုး ပိုသွင်းနိုင်ခဲ့ပါတယ်။ စီရော်နယ်ဒိုဟာ ဂိုးပေါင်း ၆၁ ဂိုးအနက် ၄၈ ဂိုးဟာ လာလီဂါ လိဂ်ဂိုးတွေအဖြစ် သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်နဲ့ ခြောက်နှစ်တာအတွင်း အများဆုံးသွင်းယူခဲ့တဲ့ လိဂ်ဂိုးများ ဖြစ်ပါတယ်။

ပြိုင်ဘက် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီထက်လည်း ငါးဂိုးပိုသွင်းနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ စီရော်နယ်ဒိုဟာ ဒီနှစ်ထဲမှာ ရီးရဲမက်ဒရစ်အတွက် ဟက်ထရစ်ဂိုး ရှစ်ကြိမ်သွင်းယူခဲ့ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ဒီပွဲမှာပဲ စီရိုနယ်ဒိုနေရာမှာ အသက် ၁၆ နှစ်အရွယ်သာရှိတဲ့ နော်ဝေကစားသမား အိုဒီဂတ်လူစားဝင်ကစားခဲ့ပါတယ်။ သူဟာ ဒီနှစ်စပိန်လာလီဂါရဲ့ အသက်အငယ်ဆုံးကစားသမား ဖြစ်ခဲ့ပါတယ်။ အသက် ၁၆ နှစ်နှင့် ၁၅၇ ရက်ရှိပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

# စွယ်တော် စီးတီး အိမ်ရာ

## မင်္ဂလာဒုံမြို့နယ်






- ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊ သီရိရတနာ လက်လီလက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ **Royal Mingalardon Golf Resort** တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အခြာကျသောနေရာ ဖြစ်သည်။



- မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေဧက (၃၀)ပေါ်တွင် တည်ဆောက်သွားမည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရစေမည့် စုပေါင်းအိမ်ရာ ဖြစ်သည်။
- ခေတ်မီဗိသုကာဒီဇိုင်း၊ ခေတ်မီ **Post -Tensioned** စံနစ်ဖြင့် **10” Concrete Slab**၊ ငလျင်ဒဏ်ခံနိုင်သည့် **Shear wall** များ ထည့်သွင်းဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် **2500 sq-ft** ခန့် ကျယ်ဝန်းသော **Lobby** ပါရှိပါမည်။





900 sq-ft for 2 Bedrooms
1300 sq-ft for 3 Bedrooms

- အဆောက်အဦတိုင်းတွင် **Schindler** အမျိုးအစား ဓာတ်လှေကား (၄)စီး၊ **Security System, CCTV, Fire protection & Fire alarm system,Back up Generator system**များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း**Under ground cable** များ ကိုသာအသုံးပြုသွားပါမည်။
- ရေကူးကန်များ၊စားသောက်ဆိုင်၊ **Fitness center** ၊ **SPA**၊ **Steam**၊ **Sauna**၊ **Jacuzzi**၊ **Convenience Store** ပါဝင်သော **Clubhouse** တစ်ခုနှင့် ကလေးကစားကွင်း၊ လူ(၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမများ ပါဝင်ပါမည်။



- (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့်အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် နေရာများ အလုံအလောက် ပါဝင်ပါသည်။




**(တစ်)ပေပတ်လည်လျှင် ကျပ် ၇၅,၀၀၀ မှစ၍ ရောင်းချပေးနေပါသည်။**

ဆက်သွယ်ရန်- ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ် (၂၄၅)၊ဗားကရာလမ်း၊ မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်မြို့။

**09-797-332211, 09-797-221133**
**09-799-332211, 09-799-221133**

လအလိုက် ဆုတောင်းပြည့်ပန်းများ၊ လအလိုက် ဘုရားဖတင်အပ်သောပန်းများ၊
လအလိုက် ဆောင်ရွက်သင့်သည့်အရာများ၊ နေ့အိမ်ရှိ
လအလိုက်စွန့်ပစ်သင့်သည့်ပစ္စည်းများကို အသေးစိတ်ရေးသားဖော်ပြထားပါသည်။

၁၃၇၇-ခုနှစ်

## စံ-ကလဲဒါ

## မြန်မာ့ရိုးရာအဋ္ဌဟောကိန်း

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊
သောကြာ၊ စနေ

ထွက်ပြီ

**ပင်ရင်းဖြန့်ချိရေး**
အမှတ်(၂၈၆)၊ မြေညီထပ်
လမ်း - ၄၀ (အထက်)၊ ရန်ကုန်မြို့။
ဖုန်း - ၇၀၉၀၃၂၊ ၃၉၁၁၆၉၊
၀၉ -၈၆၁၀၄၈၈

**မန္တလေးဖြန့်ချိရေး**
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်(၂၂၁)၊
၈၄လမ်းနှင့်၃၃လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း-၀၂-၃၉၇၁၇၊ ၆၀၁၃၆

---

### တစ်အိတ်ဝယ်ရင်ပို့ပေးပါတယ်

ပေါ်ဆန်းမွှေးနှစ်အိတ်ဝယ်လျှင် T ရှပ်တစ်ထည်ယူပါ။
09 43334111 ☎ 01-682844
09 43334222 ☎ 01-682944
စိတ်ကောင်းကြည်လင် ဖျန်ပီယံပေါ်ဆန်းမွှေး

---

PREMIER® COFFEE

သဘာဝကော်ဖီစစ်စစ်အရသာ...
ပရီမီယာ




---

### ကုမ္ပဏီမှတ်ပုံတင်ကတ်ပြား ပျောက်ဆုံးကြောင်းကြေညာခြင်း

ရန်ဝေးအောင်ကုမ္ပဏီလီမိတက် အမည်ပါ ကုမ္ပဏီမှတ်ပုံတင်ကတ်ပြားသည် ၁၂-၃-၂၀၁၅ရက်တွင် ဒါရိုက်တာ ဦးနေမျိုးဝင်း ၉/ပသက(နိုင်)၀၉၅၄၈၂သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည် လျှောက်ထားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

---

အကောင်းဆုံးလစာနှင့် အချိုရည်စက်ရုံ Marketing (မ)နှင့် အရောင်းကိုယ်စားလှယ်ဆိုင်များ အလိုရှိသည်။
-လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
စိတ်ပါဝင်စားသူများနှင့် နယ်ကိုယ်စားလှယ်ဆိုင်များ လာရောက်ဆက်သွယ်နိုင်ပါသည်။
(အရေအတွက် အကန့်အသတ်မရှိ ဆက်သွယ်နိုင်ပါသည်။)
ဖုန်း ၀၉-၃၁၂၀၁၂၂၂၊ ၀၉-၄၂၅၂၉၂၇၀၉၊ ၀၁-၆၁၀၀၅၄

---

23
**မဆလာ**
(ဖာင်ဆင်အမွှေးအကြိုင်)

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ဝါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

---

# ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)

**GLOBAL TREASURE BANK (PUBLIC COMPANY LIMITED)**

(ယခင်)

**မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်**

အမှတ်(၆၅၃/၆၉၉)၊ ကုန်သည်လမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဤဘဏ်၏ (၂၀)ကြိမ်မြောက်နှစ်ပတ်လည်စုံညီအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

(က) နေ့ရက် - ၂၀-၆-၂၀၁၅ (စနေနေ့)
(ခ) အချိန် - ၁၃:၀၀ နာရီ (မွန်းလွဲ ၁နာရီ)
(၁၂:၅၀ အချိန်နေရာယူပေးနိုင်ပါရန်)
(ဂ) နေရာ - ယုဇနဂါးဒင်းဟိုတယ် (Ball Room)
အမှတ်(၄၄)၊ အလံပြဘုရားလမ်း၊ (သမ္မတရုပ်ရှင်ရုံအနီး)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ယင်းအစည်းအဝေးအတွက် အစုရှယ်ယာရှင်များထံသို့ ဖိတ်ကြားစာများပေးပို့ထားပြီးဖြစ်သော်လည်း အချိန်မီမရောက်ရှိပါက ဤကြော်ငြာကိုအကြောင်းပြု၍ အစည်းအဝေးသို့ စုံညီစွာအချိန်မီတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစုရှယ်ယာများလွှဲပြောင်းမှတ်တမ်းကို နှစ်ပတ်လည်စုံညီအစည်းအဝေးကြီး ပြီးစီးသည်အထိ ယာယီရပ်ဆိုင်းထားမည်ဖြစ်ပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး**

---

MCC.i

# MCC Training Institute



**ကွန်ပျူတာ ဒီပလိုမာ နှင့် ကွန်ပျူတာ သိပ္ပံဘွဲ့သင်တန်းများ**

**B.Sc (Hons) Business IT, University of Greenwich, UK**

- Full - Time (Mon-Fri)
- Part - Time (Sat-Sun) (Part - Time)

June Intake
Enroll Now!

www.facebook.com/mcc.institute

Yangon Campus Ph - 01-245762, 249152, 395512
Mandalay Campus Ph - 09-402671562, 02-77930, 09-91034062
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966

